# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၉၆)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပီရူးနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၈

၂၀၀၇ခုနှစ် ဇူလိုင် ၂၈ရက်တွင် ကျရောက်သော ပီရူးသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပီရူးသမ္မတနိုင်ငံသမ္မတ မစ္စတာ အယ်လန် ဂါစီယာ ပဲရပ်(ဇ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ခြံစည်းရိုးကြက်ဆူလောင်စာတောင့် ထုတ်လုပ်သုံးစွဲမှု စနစ်တကျစမ်းသပ်၊ ကျယ်ပြန့်စွာအသုံးပြုနိုင်အောင်ဆောင်ရွက်

## ဘိုင်အိုဒီဇယ်အဆင့်မြှင့်ထုတ်လုပ်မှု စမ်းသပ်သုတေသနပြု

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နယ်မြေဒေသဖွံ့ဖြိုးရေးအခြေအနေများ ကြည့်ရှုစစ်ဆေးရန်အတွက် ဇူလိုင် ၂၅ရက် နံနက် ၈နာရီ မိနစ်၂၀တွင် ဟဲဟိုးလေဆိပ်သို့ရောက်ရှိလာရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် အရာရှိကြီးများ၊ ဌာနဆိုင်ရာများကကြိုဆိုပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဟဲဟိုး-ရွှေညောင်-တောင်ကြီးလမ်းတစ်လျှောက် မြို့၊ ရွာ၊ လမ်း၊ တံတားအခြေအနေနှင့် လမ်းဘေးဝဲယာရှိ စပါး၊ ပြောင်း၊ ရာသီသီးနှံစိုက်ခင်း၊ ရော်ဘာ၊ သရက်၊နှစ်ရှည်စိုက်ခင်းများအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ✻

### တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

**ဇူလိုင် ၂၇ရက်က တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလုပ်ကျသဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင် အမှာစကားပြောကြားစဉ်။** (သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

မြန်မာ့အလင်း

**ဆောင်းပါး အညွှန်း**

## ပြည်ပသြဇာခံဘဝကျရောက်ခဲ့တဲ့ KNU

**နိုင်ငံကြီးတွေရဲ့ပေးစာကမ်းစာထောက်ပံ့စာယူပြီးတော့ပြည်ပသြဇာခံဘဝကျရောက်ခဲ့တဲ့ KNU ဟာ ကရင်ပြည်နယ်ကို ချစ်သလား။ ကရင်လူထုကို ချစ်သလား မေးနေစရာတောင် မလိုတော့ပါဘူး။**

**ကရင်လူမျိုး ဒုက္ခသည်စခန်းတွေကို လက်ညှိုးထိုးပြပြီး တောင်းလို့ ရမ်းလို့ရသမျှ ဒေါ်လာတွေနဲ့ ကျောင်းတစ်ကျောင်း ဆောက်ပေးခဲ့ဖူးသလား။ ဆေးရုံတစ်ရုံ ဖွင့်ပေးနိုင်ခဲ့ဖူးသလား။ ယုတ်စွအဆုံး လမ်းတစ်လမ်းကောဖောက်ပေးနိုင်ခဲ့ဖူးသလား။ ဒါတွေဟာ KNU ကျဆုံးရခြင်းရဲ့ အခြေခံအကြောင်းတွေပါပဲကွာ။**

**စိုးမြကျော်၏ ဆောင်းပါး (စာ ၈၊ ၉ နှင့် ၁၀)တွင် ဖတ်ရှုနိုင်ပါသည်။**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၈ ရက်)

# ငြိမ်းချမ်းရေးနှင့်လက်နက်များ လဲလှယ်ခြင်းမှသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်ဆီသို့

ယနေ့နိုင်ငံတော်တွင် အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်လျက်ရှိပြီး အေးချမ်းတည်ငြိမ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံကောင်းများ ဆတက်ထမ်းပိုး တိုးမြှင့်ရရှိရေးအတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး ဆောင်ရွက်ချက်များနှင့် စေတနာမှန်ကို သိမြင်ယုံကြည်လာကြသည့်အတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီးဖြစ်သော ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့၏ ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ) ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင် အင်အား ၁၃၇ဦးတို့က ၎င်းတို့ ကိုင်ဆောင်သောလက်နက်နှင့် ခဲယမ်းမီးကျောက်မျိုးစုံတို့ကို တာဝန်ရှိသူများထံ အပ်နှံခဲ့ကြသည်။

ယင်းကဲ့သို့ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို အသိမှန်၊ အမြင်မှန်ဖြင့် ရှုမြင်လာပြီး မှန်ကန်သောလုပ်ရပ်အဖြစ် လက်နက်များ အပြီးအပိုင်စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် လဲလှယ်ခဲ့ကြသည့်အတွက် တိုင်းရင်းသားပြည်သူများက နွေးထွေး လှိုက်လှဲစွာ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။

မြန်မာနိုင်ငံ၌ မည်သည့်ခေတ်ကာလတွင်မျှ မရရှိ မတည်ဆောက်နိုင်ခဲ့သည့် အမျိုးသား ပြန်လည်ပေါင်းစည်းညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်ကြီးတွင် ဦးချစ်မောင် ဦးစီးသည့် တိုင်းရင်းသားညီအစ်ကိုများ ပါဝင်ပူးပေါင်း လက်တွဲဆောင်ရွက်လာကြပြီဖြစ်၍ ဒေသတည်ငြိမ်အေးချမ်းပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

သို့ဖြစ်ရာ အခြားသော ကျန်ရှိနေသေးသည့် လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း နိုင်ငံနှင့် လူမျိုးအကျိုးစီးပွားကို ရှေးရှုလျက် ငြိမ်းချမ်းရေးနှင့်လက်နက်များ စွန့်လွှတ်အပ်နှံ လဲလှယ်ခြင်းမှသည် ငြိမ်းချမ်းရေးကို တည်ဆောက်လျက် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်ဆီသို့ လက်တွဲညီညီ ချီတက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂၈-၇-၂၀၀၇ (စနေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၂၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၀ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၂၅ | ၅။ | ကျန်းမာသုတ |
| ၁၂း၃၀ | ၆။ | ရုပ်မြင်သံကြားဇာတ်လမ်း **ရင်ခွင်နန်းတော်** သရုပ်ဆောင် ဒွေး၊ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်၊ ညွန့်ဝင်း (ဒါရိုက်တာ မလိခစိုးထိုက်အောင်) |
| ၁၃း၅၀ | ၇။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၄း၃၅ | ၄။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၅း၃၅ | ၅။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၇။ | နိုင်ငံတကာသတင်း |
| ၆း၃၀ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၆း၄၀ | ၉။ | လျှပ်တစ်ပြက် |
| ၆း၄၅ | ၁၀။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇း၀၀ | ၁၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း-၁၆) |
| ၈း၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၃။ | မိုးလေဝသသတင်း |
| | ၁၄။ | အမျိုးသားရေးတေးကဗျာ |
| | ၁၅။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း-၁၁) |

## ဖြူးဆရာတော် ဝါဆိုဦးအထူးတရားပွဲ

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ဦးစီးပဓာနနာယက ပြည်တွင်းပြည်ပ မဟာစည်နာယက ဓမ္မကထိက ဗဟုဇနဟိတဓရ သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တနရပတိ ဖြူး ဆရာတော်သည် ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ည ၇နာရီတွင် လှိုင်မြို့နယ် (၁၆)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ်ရှိ ပါသာဒိကာရုံ ပရိယတ္တိစာသင်တိုက်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ၉၁ လမ်း အမှတ် ၁၁၂ နေ ဒေါ်မြမြမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်း တော် ကြီး အတွက် အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ပိဋက နှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## အထက်ပေါင်းလောင်း ရေအားလျှပ်စစ် စီမံကိန်း

## ဝန်ကြီး ပိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၇

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၅ရက် နံနက်ပိုင်းက နေပြည်တော်ပျဉ်းမနား၏ အရှေ့ဘက်၂၆မိုင်အကွာ လက်ရှိပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံ၏ အထက်ဘက် ၁၅ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် အမှတ်(၁) တည်ဆောက်ရေးမှ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။**

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်အေးက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ တမံအောက်ခြေ မြေကြီးကျောက်သားတူးဖော်ခြင်း လုပ်ငန်း ပြီးစီးမှုအခြေအနေ၊ ဆောက်လုပ်ပြီးစီးပြီဖြစ်သော အလျား ပေ၃၀၀ အကျယ် ၂၄ပေရှိ ပေါင်းလောင်းမြစ်ကူးတံတား အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့် အလျား ၉၆၈ပေ၊ အချင်း ၃၃ပေရှိ ရေလွှဲဥမင် အမိုးခုံးပိုင်း အပြီးသတ် ဖောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်ချက်များ စီစဉ်ဖြည့်ဆည်းပေးပြီး ရည်မှန်းချက် သတ်မှတ်ပေးထားသော ကာလများ အတိုင်း လုပ်ငန်းများ ပြီးမြောက်အောင် ဆောင်ရွက်ရေး မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် လက်ဝဲဘက်ကမ်း ရှုရပ်မှနေ၍ လက်ယာဘက်ကမ်းရှိ တမံအောက်ခြေ မြေကြီး ကျောက်သား တူးဖော်ပြီးစီးမှု အခြေအနေနှင့်ရေလွှဲဥမင်လိုဏ်(အထွက်)ပိုင်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ရေလွှဲဥမင်လိုဏ်အမိုးခုံး ပိုင်း ဖောက်လုပ်ခြင်းကို သတ်မှတ် ကာလထက်စော၍ ပြီးစီးအောင် ဖောက်လုပ်ခဲ့ကြသော ဝန်ထမ်းများအား ဆုငွေ ချီးမြှင့်သည်။

အထက်ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင် အင်အား မဂ္ဂါဝပ် ၁၄၀ တပ်ဆင်ထုတ်လုပ်မည့် ရေအားလျှပ်စစ်စီမံကိန်းဖြစ်ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

## အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး ဝါတွင်းယမိုက်ပဋ္ဌာန်းသင်တန်း

**ရန်ကုန် ဇူလိုင် ၂၇**

သံဃာတော်များအတွက် ဝါတွင်းယမိုက်ပဋ္ဌာန်းသင်တန်းကို ၁၃၆၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ်လဆန်း ၁၄ ရက် (ဇူလိုင် ၃၀ရက်မှ အောက်တိုဘာ၂၅ ရက်)အထိ ဥပုသ်နေ့များမှအပ နေ့စဉ်မွန်းလွဲ ၂နာရီမှ ညနေ ၄ နာရီအထိ ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာသင်တန်း ခန်းမတွင် ဆရာ ဦးညွန့်စိန်၊ ဦးစိုးကြည်၊ ဦးတင်ထွဋ်တို့က ပဋ္ဌာန်း (ဆဝါရ)၊ အောက် ယမိုက် (မူလ၊ ခန္ဓ၊ အာယတန၊ ဓာတု၊ သစ္စ)၊ အထက်ယမိုက် (စိတ္တ၊ ဓမ္မ၊ ဣန္ဒြိယ) အထက်ယမိုက် (အနုသယ၊သင်္ခါရ)နှင့် ပဋ္ဌာန်း(ပစ္စာဝါရ)တို့ကိုဓမ္မဒါန ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ပေးအပ်လှူဒါန်း

**ရန်ကုန်တိုင်း လှည်းကူးမြို့နယ် လှည်းကူးဆေးရုံဝင်းနေ ဦးအောင်စိုး မိသားစုက ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဟိုပုံးဒေသဖွံ့ဖြိုးတိုးတက်ရေး ကြည့်ရှုစစ်ဆေး စိုက်ပျိုးရေလုံလောက်စွာရရှိပြီး စပါးအထွက်နှုန်းကောင်းမွန်ရေးဖြည့်ဆည်းပေး ပန်းတိုင်အထွက်နှုန်းရရှိအောင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်မှာကြား

နေပြည်တော် ဇူလိုင် ၂၇

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့်အတူ ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဘန်းယဉ်-ဟိုပုံး-တောင်ကြီးလမ်းအတိုင်း ဘန်းယဉ်တပ်နယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ဘန်းယဉ်-ဟိုပုံး-တောင်ကြီးလမ်းတစ်လျှောက် မြို့၊ ရွာ၊ လမ်း၊ တံတားအခြေအနေများနှင့် လမ်းဘေး ဝဲယာရှိ မိုးစပါး၊ ပြောင်းများ ရှင်သန်ဖြစ်ထွန်းနေမှုများအား ကြည့်ရှုစစ်ဆေးသည်။**

### ရွေးချယ်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး၊ ဝန်ကြီးတို့နှင့် အဖွဲ့သည် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဟိုပုံးမြို့နယ် ကုန်းကျိုင်းကျေးရွာအုပ်စု ကောင်ငင်းကျေးရွာ တောင်သူ ဦးပေါ၏ ရွှေရင်အေးမိုးစပါး သုံးဧကစိုက်ခင်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဟိုပုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က ၂၀၀၇-၂၀၀၈ ခုနှစ် ဟိုပုံးမြို့နယ်၏ ရွှေရင်အေး၊ ဆင်းရွှေဝါ၊ လယ်စပါး၊ ယာစပါး၊ တောင်ယာစပါး စိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးရန်လျာထားချက်၊ ဆက်လက်စိုက်ပျိုးမည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စိုက်ပျိုးရေ လုံလောက်စွာရရှိရေးဆောင်ရွက်ရန်၊ တစ်နှစ်ထက်တစ်နှစ် စပါးအထွက်နှုန်းများ ကောင်းမွန်ရေး၊ ပန်းတိုင်အထွက်နှုန်းများရရှိအောင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုး၍ ဒေသအတွင်း ဆန်ဖူလုံမှုရရှိအောင် ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး၊ ဝန်ကြီးတို့နှင့် အဖွဲ့ဝင်များသည် တောင်သူ ဦးပေါ၏ ရွှေရင်အေးစပါး သုံးဧက နေ့ချင်းပြီး စိုက်ပျိုးနေသော ကောက်စိုက်လုံမေများ၏ စပါးစိုက်ပျိုးနေမှုအား လှည့်လည် ကြည့်ရှုအားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကောက်စိုက်လုံမေများနှင့် တောင်သူများသို့ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

### ဖြည့်ဆည်းမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး၊ ဝန်ကြီးတို့နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် ဟိုပုံးတပ်နယ် ခြံစည်းရိုးကြက်ဆူ ဧက ၁၅၀၀ စိုက်ခင်းသို့ လှည့်လည် ကြည့်ရှုစစ်ဆေးရာ ဟိုပုံးတပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီးညွန့်ဆွေက ဟိုပုံးတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှုအခြေအနေများအား လိုက်လံ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်း မှာကြား ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဟိုပုံးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေးကာ ဟိုပုံးမြို့မှ တောင်ကြီးမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာသည်။ **(သတင်းစဉ်)**

### * ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေညောင်တပ်နယ် ခြံစည်းရိုးကြက်ဆူ စိုက်ခင်းသို့ ရောက်ရှိရာ ရွှေညောင်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ထွန်းသိန်းကြည်က ခြံစည်းရိုးကြက်ဆူ ၇၅ ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် စိုက်ပျိုးရေး လအလိုက် လုပ်ငန်းပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လျာထားဧက ပြည့်မီကျော်လွန်အောင် တိုးချဲ့စိုက်ပျိုးသွားရန်၊ ခြံစည်းရိုးကြက်ဆူများကို တစ်ပိုင်တစ်နိုင်မှ ကိုယ်ပိုင်စီးပွားဖြစ် စိုက်ခင်းအထိ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားနိုင်အောင် စံပြနမူနာ စိုက်ပျိုးသွားရန်၊ ခြံစည်းရိုးကြက်ဆူ နှစ်အလိုက် တစ်ဧကအထွက်နှုန်းများကို မှတ်သား လေ့လာရန်၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးအား ဒေသခံပြည်သူများပါ ပါဝင်စိုက်ပျိုးသွားနိုင်အောင် စည်းရုံးဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ဖြည့်စွက်ရှင်းလင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဘိုင်အိုဒီဇယ်ထုတ်လုပ်ရေး စက်ရုံသို့ရောက်ရှိကြပြီး ကြက်ဆူဆီ သန့်စင်စက်ရုံအတွင်း ကြက်ဆူဆီ ကြိတ်ခွဲနေမှု၊ ကြက်ဆူ လောင်စာတောင့် ထုတ်လုပ်နေမှု၊ ဘိုင်အိုဒီဇယ် သုံး မီးဖိုများ၊ ကြက်ဆူ လောင်စာတောင့်သုံး မီးဖိုများ၊ ကြက်ဆူဆီ ဆပ်ပြာများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံ ဗိုလ်မှူး ညွန့်နွယ်က ခြံစည်းရိုးကြက်ဆူဆီ သန့်စင်စက်ဖြင့် သန့်စင်ထုတ်လုပ်မှုနှင့် ထွက်ရှိလာသော ဘိုင်အိုဒီဇယ်ဆီများအား ဓာတုဗေဒပစ္စည်းများ၊ ဒေသန္တရ ပစ္စည်းများနှင့်ရောစပ်၍ ဂါလန် ၅၀ ဆံ့ TANK များဖြင့် အဆင့်ဆင့် ဓာတ်ပြု သန့်စင်မှုတို့အား ရှင်းလင်းတင်ပြသည်။ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ထို့နောက် တင်ပြချက်များအပေါ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက ခြံစည်းရိုး ကြက်ဆူ လောင်စာတောင့် ထုတ်လုပ် သုံးစွဲမှုကို စနစ်တကျ စမ်းသပ်၍ ကျယ်ပြန့်စွာအသုံးပြုနိုင်အောင် ဆောင်ရွက်ရန်၊ ဘိုင်အိုဒီဇယ် အဆင့်မြင့် ထုတ်လုပ်မှုနှင့် ဘေးထွက်ပစ္စည်းများ၏ အသုံးဝင် တန်ဖိုးများကို စနစ်တကျ စမ်းသပ်သုတေသနပြုရန်မှာကြားသည်။

### ရှင်သန်ဖြစ်ထွန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့သည် တောင်ကြီး-ဟိုပုံး-ဆီဆိုင်လမ်းအတိုင်း တောင်ကြီး မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး လမ်းဘေး ဝဲယာရှိ ပဲမျိုးစုံနှင့် ရာသီ သီးနှံစိုက်ခင်းများ၊ မိုးစပါး စိုက်ခင်း၊ ပျိုးခင်းများ၊ ကြံ၊ ပြောင်းနှင့် ခြံစည်းရိုးကြက်ဆူခင်းများ ရှင်သန် ဖြစ်ထွန်းနေမှုအား ကြည့်ရှုစစ်ဆေး သည်။ **(သတင်းစဉ်)**

## မြတ်ပန်းကုသိုလ် လဝါဆို

* သီရိမာယာ၊ ဝမ်းကြာရွှေတိုက်
အမြုတေထိုက်ပေ၊ သန္ဓေယူကာ
လောင်းလျာဗုဒ္ဓ၊ ဇာတိစသည်
လပြည့်ဝါဆို အခါတည်း ...။

* အမတ်ဆန္န၊ ကဏ္ဍကဖြင့်
ညဉ့်နက်သန်းခေါင်၊ ရည်ဆောင်နိဗ္ဗာန်
လမ်းရှာရန်တွက်၊ တောသို့ထွက်၏
လပြည့်ဝါဆိုကာလတည်း ...။

* မဟာသက္ကရာဇ်၊ ခုနစ်တစ်ရာ့သုံး
နေလုံးဝင်ဆဲ၊ လထွက်ဆဲတွင်
သမင်ဒရယ်၊ စိုင်ချေယ်တို့
သွယ်သွယ်စုဝေး၊ ဘေးမဲ့ပေးရာ
မိဂဒါဝုန်၊ ရဂုံကြိုင်လျှမ်း
စုံမြိုင်နန်းမှာ၊ သစ္စာလေးတန်
တရားမှန်ဓမ္မစကြ်၊ လက်တွင်တင်ထား
ပတ္တမြားသို့၊ ထင်ရှားပေါ်လွင်
သိမြင်စေကြ၊ ဟောညွှန်ပြသည်
လပြည့်ဝါဆိုသမယတည်း ...။

* ဤလရတု၊ ဥတုဝသန်
ပြုဗ္ဗာသာဠ်နက္ခတ်၊ ပန်းမြတ်ပုန်းညက်
ဘဝက်မြိမ့်ကျော်၊ ပဒွင်းတော်ပွဲ
ဆင်ယင်နွဲ့ကြ၊ သီလဆောက်တည်
ရွှေပြည်သူတို့၊ နိဗ္ဗူရည်မှန်း
အာရုံလွှမ်း၍၊ မြတ်ပန်းကုသိုလ်
နှစ်လိုပျိုးကြ၊ ချမ်းမြေ့လှသည်
လမြတ်ဝါဆိုရောက်ပြီကို ...။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အား ယင်းဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဦးမြင့်ဋ္ဌေး ညွှန်ကြားရေးမှူး (ကမ်းလွန်ရေနံရှာဖွေရေး) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန |
| (ခ) ဦးမြသိန်း ညွှန်ကြားရေးမှူး ပြစ်မှုတရားစီရင်ရေးဌာန တရားရုံးချုပ်(ရန်ကုန်) | ညွှန်ကြားရေးမှူးချုပ် တရားရုံးချုပ်(မန္တလေး) |

## နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ပီရူးသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၈**

၂၀၀၇ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ကျရောက်သော ပီရူးသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပီရူးသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟိုဆေး ဂါစီယာ ဘယ်လာယွန်ဒေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**ဇူလိုင် ၁၂ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း)အမျိုးသမီးရေးရာ အဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီ လားရှိုးမြို့တွင် ပြုလုပ်သော ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ကျောင်းဝတ်စုံထောက် ပံ့ ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။**

(ပြည်နယ် အမျိုးသမီးရေးရာ)

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက် (အဖိတ်နေ့)**
**၂၈-၇-၂၀၀၇ ရက် (စနေနေ့)**

### နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) (တရားဦးရတနာဓမ္မစကြာနှင့် ဓမ္မဒူတမိန့်ခွန်းတော်) [ကုန္တာဆွေစီစဉ်ရေးဖွဲ့ ပူဇော်သည်]
- ၈:၀၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၁၅ ၆။ အတီးပြိုင်ပွဲ
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ Grammar Made Easy
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

### နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၁၀ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၄၅ ၆။ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
- ၁၄:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၁၅ ၈။ ဝါဆိုလဘွဲ့တေးများ
- ၁၄:၃၀ ၉။ နမ္မတီးတံတား(ကံလှ)
- ၁၄:၄၅ ၁၀။ International News

### ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆင်ဌမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) [အထက-၁၊သန်လျင်] (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၁၆:၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) [မြန်မာစာ]
- ၁၇:၀၅ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၇:၃၀ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၇။ ညနေခင်းသတင်း
- ၁၈:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၉။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၈:၅၅ ၁၀။ ဘင်း(မ်)စတက်(Bimstec) အကြောင်း သိကောင်းစရာ
- ၁၉:၁၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၄၆)
- ၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနှောင်ကြိုး** (အပိုင်း-၉)

## ဝါတွင်းကာလ သစ္စာလေးပါးတရား ဟောပြောမည်

ရန်ကုန် ဇူလိုင် ၂၇

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် လိပ်ပြာကန်တိုက် သုခရိပ်သာ ကျောင်း နယ်လှည့် ဓမ္မကထိက အမျိုးသား ပထမကျော် ဘဒ္ဒန္တ ဓမ္မသာရ ဆရာတော်မှ ရွှေတိဂုံ မြောက်ဘက်မုခ် ဗဟိုတံမြက်စည်း အသင်းတန်ဆောင်း၌ ဝါတွင်း သုံးလ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဟု သိရသည်။** (က-ပ)

**ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်း အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

**တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## ✱ ကျောဖုံးမှ

### လက်မှတ်ရေးထိုး

အစည်းအဝေးမစတင်မီ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များသည် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

**အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်း အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

### ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၁၀နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင် (ခေါ်)ဦးမန်းမျိုးညွန့်နှင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရှဲတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၉၂ဒသမ ၃၁ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အချို့၏ အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များ အပေါ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို အစုအဖွဲ့ကိုယ်စားလှယ်များ၏ ကိုယ်စား မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်နှင့် ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက သဘောထားတင်ပြချက် စာတမ်းနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက်၁၀နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင် (ခေါ်)ဦးထေးရယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒူဝါဇုတ်ဒေါင်၊ တနင်္သာရီတိုင်းမှ ဦးမောင်လှ (ခေါ်)ဦးလှမြင့်နှင့် ရခိုင်ပြည်နယ်မှ ဦးအောင်ဇံဝေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူးဦးရဲလွင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၉၇ဒသမ၅၀ ရာခိုင်နှုန်းဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရအစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အချို့၏ အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များ အပေါ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကိုအစုအဖွဲ့ကိုယ်စားလှယ်များကိုယ်စား ကချင်ပြည်နယ်မှ ဦးလီရဲဂျာ၊ ရှမ်းပြည်နယ်မှ ဒေါ်နန်းမိုခမ်းနှင့် မန္တလေးတိုင်းမှ ဦးမျိုးတင့်တို့က အသီးသီး ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက သဘောထား တင်ပြချက်စာတမ်းနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဧရာဝတီတိုင်းမှ ဦးကြည်တင့်နှင့် ရန်ကုန်တိုင်းမှ ဦးမြအေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၄ဒသမ၅၁ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အချို့၏ အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များ အပေါ် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်းမှ ဦးမြအေးနှင့် ဧရာဝတီတိုင်းမှ ဦးကြည်တင့်တို့က ညီလာခံကိုယ်စားလှယ်များအား ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ရေးသားပြုစုပြီးသည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ သဘောထားတင်ပြချက်စာတမ်းကို သဘာပတိအဖွဲ့ဝင် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထား တင်ပြချက်စာတမ်းကို အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော်က အမျိုးသားညီလာခံ တောင်သူလယ်သမား ကိုယ်စားလှယ်များထံမှ သဘောထားရယူကာ အတည်ပြုကြောင်းကြေညာပြီး အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းပြည့် တက်ရောက်လာကြသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့ အတွက် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အချို့၏ အကြံပြုတင်ပြချက်များ နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များ အပေါ် အမျိုးသားညီလာခံအလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက် စာတမ်းကို အစုအဖွဲ့ သဘာပတိအဖွဲ့ကိုယ်စား ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မှ ဦးသန်းမြင့်က အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအား ဖတ်ကြားတင်ပြသည်။

ထို့နောက် အလုပ်သမားကိုယ်စားလှယ်အစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီသို့ တင်ပြမည့် အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းအပေါ် အလှည့်ကျသဘာပတိ ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်းက အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ထံမှသဘောထား ရယူကာ အတည်ပြုကြောင်း ကြေညာပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၁၀နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဝင်းသန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁*

# ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင် လိုက်ပါလျက် ဇူလိုင်၂၄ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ၃မိုင် ပကြဲစံပြကျေးရွာ ဇေယျာသဒ္ဓိကျောင်း တိုက် ပြည်လုံးချမ်းသာဆုတောင်းပြည့် ရွှေတိဂုံပုံတူစေတီတော် ထီးတော်တင်လှူပွဲ အခမ်းအနားကို တက်ရောက် ကြည်ညိုပြီး ရွှေထီးတော်ပင့်ဆောင် တင်လှူသည်။**

## ပေးအပ်လှူဒါန်း

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဖရူဆိုမြို့နယ် ထီးတရဲရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းနှင့် ဖရူဆိုမြို့နယ် လောဘူးဒါးရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းအား နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ကျောင်းဆောင်ပြုပြင် နေမှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွက် ထပ်မံလိုအပ်သောအလှူငွေများပေးအပ် လှူဒါန်းသည်။

## လက်ခံယူ

ဆက်လက်၍ ဗဟိုအလုပ်အမှု ဆောင်နှင့်အဖွဲ့သည် ဖရူဆိုမြို့အခြေခံ ပညာအထက်တန်းကျောင်း သောက် ရေသန့်စက် ဖွင့်လှစ်ပွဲအခမ်းအနားကို တက်ရောက်အားပေးပြီး တာဝန်ရှိသူ များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက ဗလာ စာအုပ်၊ အားကစားပစ္စည်းများနှင့် စာသင်ခုံအစုံ ၅၀ ကိုလည်းကောင်း၊ ဖရူဆိုမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိသားစုများ၏ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အဆို ပြုလွှာ ၈၉စောင်ကိုလည်းကောင်း၊ ဖရူဆိုမြို့မှ ကျောင်းသား ကျောင်းသူ များ၏ အသင်းဝင်အဆိုပြုလွှာ ၂၄၀ ကိုလည်းကောင်း ပေးအပ်ရာ ကယား ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေက လက်ခံယူသည်။

ဗဟိုအလုပ်အမှုဆောင် ပြည်နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ညနေ ပိုင်းတွင် ဒီမောဆိုမြို့နယ် ဒေါဆူးငံ ရယ် ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက် အအုံဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေး၍ အလှူ ငွေများပေးအပ်လှူဒါန်းသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက်ဗဟိုအလုပ်အမှုဆောင် ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သည် နည်းပညာတက္ကသိုလ် (လွိုင် ကော်) တည်ဆောက်ရေးရှင်းလင်း ဆောင်သို့ ရောက်ရှိလာရာ ထူးကဲ့မွန် မှ ပရောဂျက်အင်ဂျင်နီယာ ဦးနိုင်ဝင်း က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှု ဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့က လိုအပ် သည်များကို မှာကြားပြီး အဆောက် အအုံဆောက်လုပ်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

ဗဟိုအလုပ်အမှုဆောင်နှင့်ပြည်နယ် ဥက္ကဋ္ဌတို့က လိုအပ်သည်များကို မှာ ကြားပြီး အဆောက်အအုံ ဆောက်လုပ် နေမှုကို ကြည့်ရှုစစ်ဆေးသည်။

## ဆက်ကပ်

ဗဟိုအလုပ်အမှုဆောင်သည်ဇူလိုင် ၂၅ရက် နံနက်ပိုင်းတွင် လွိုင်ကော် မြို့ မင်္ဂလာရပ်ကွက် သိရိမင်္ဂလာပုံ ကျောင်းတိုက်သို့ ရောက်ရှိပြီး ဆရာ တော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာအား အလှူငွေနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှု ဆောင်နှင့်အဖွဲ့သည် လွိုင်ကော် တက္ကသိုလ်သို့ ရောက်ရှိလာရာ ပါမောက္ခချုပ် ဦးစိန်ဦးက ကျောင်း၏ လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှု ဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့က ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ များ မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသအချို့၌ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့

**နေပြည်တော် ဇူလိုင် ၂၇**

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းအချို့တွင် မိုးသည်း ထန်စွာရွာသွန်းခဲ့မှုကြောင့် နေရာဒေသအချို့၌ ရေကြီး၊ ရေလွှမ်းမှုများ ဖြစ်ပေါ် ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ရွှေကူမြို့နယ်တွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် ကျေးရွာ အချို့နှင့် မြို့ပေါ်ရပ်ကွက်အချို့အား ဘေးလွတ်ရာသို့ နေရာရွှေ့ပြောင်းပေး ခဲ့ရကြောင်း၊ စာသင်ကျောင်းအချို့ပိတ်ထားရပြီး ကားလမ်းနေရာအချို့တွင် အမြင့်လေးပေမှ ငါးပေအထိ ရေလွှမ်းမိုးနေသဖြင့် ယာဉ်သွားလာမှု ခေတ္တရပ် ဆိုင်းထားခဲ့ရကြောင်း၊ ဇူလိုင် ၂၅ ရက်တွင် ရေပြန်လည်ကျဆင်းခဲ့သဖြင့် ကိုယ်ထည် မြင့်သည့်ယာဉ်များ ဖြတ်သန်းနိုင်ပြီး ခရီးသည်များအား ရေလွတ်ရာ တစ်ဖက်နှင့် တစ်ဖက်ရွှေ့ပြောင်းပေးကာ အသင့်စောင့်ဆိုင်းနေသည့် ယာဉ်များဖြင့် ပို့ဆောင် ပေးလျက်ရှိကြောင်း သိရသည်။

## ရေများပြန်လည်ကျဆင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေ လျှံမှုကြောင့် သိန်းနီမြို့နယ်နှင့် မူဆယ် မြို့နယ်အတွင်းရှိ ကျေးရွာအချို့ ရေနစ် မြုပ်ခဲ့သော်လည်း ဇူလိုင် ၂၆ ရက်တွင် ရေများပြန်လည် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ သည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် မော်လိုက်မြို့တို့တွင် စိုးရိမ်ရေမှတ် အထက်၌ တည်ရှိနေပြီး မြစ်သာမြစ်ရေသည် ကလေးဝမြို့၏ စိုးရိမ်ရေမှတ် အထက်တွင် တည်ရှိနေကြောင်း၊ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌ စိုးရိမ် ရေမှတ်နီးပါးတွင် လည်းကောင်း၊ ဧရာဝတီမြစ်ရေသည် ကသာမြို့နှင့် ထီးချိုင့်မြို့တို့၌ စိုးရိမ် ရေမှတ်အထက်၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့၌ စိုးရိမ်ရေမှတ်နီးပါးတွင် လည်း ကောင်း တည်ရှိနေကြောင်း သိရသည်။

## ရွှေ့ပြောင်းနေရာချထား

စစ်ကိုင်းတိုင်း မော်လိုက်မြို့၊ ဖောင်းပြင်မြို့နှင့် ကသာမြို့နယ်တို့၌ မြို့ပေါ် ရပ်ကွက်အချို့နှင့် ကျေးရွာအချို့တွင် ရေများဝင်ရောက်မှုကြောင့် ရေဘေးလွတ်ရာ သို့ အိမ်ထောင်စုများအား ရွှေ့ပြောင်းနေရာချထားပေးရကြောင်း သိရသည်။

ပဲခူးမြစ်ရေသည် ဇူလိုင် ၂၆ရက်တွင် ပြန်လည်ကျဆင်းခဲ့သဖြင့် ရေဘေး လွတ်ကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများ နေအိမ်အသီးသီးသို့ ပြန်လည်နေထိုင်လျက်ရှိပြီး စာသင်ကျောင်းများလည်း ယနေ့ ပြန်လည်ဖွင့်လှစ် နိုင်ခဲ့ကြောင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) ရှိ ကျေးရွာအချို့ တွင် ရေကြီးမှုကြောင့် လယ်မြေအချို့ ရေနစ်မြုပ်ခဲ့ရကြောင်း သိရသည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်နှင့် မင်းပြား မြို့နယ်တို့၌လည်း ရေလွှမ်းမိုးမှုရှိခဲ့ကြောင်း သိရသည်။

## ကူညီထောက်ပံ့ပေး

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များတွင် ရေလွှမ်းမိုးမှုကြောင့် အိမ်ထောင်စု များအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း၊ တာဝန်ရှိသူများက ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည်များ ကူညီ ထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ စည်ပင်သာယာရေးဦးစီး ဝန်ထမ်းမိသားစု ဆွမ်းဆက်ကပ်

**ရန်ကုန် ဇူလိုင် ၂၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင် ခိုင်တို့အား အမှူးထား၍ စည်ပင်သာ ယာရေးဦးစီးဌာန ဝန်ထမ်းမိသားစု များ၏ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)သို့ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်း အနားကို ယနေ့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပ သည်။

## ငါးပါးသီလ

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်)၏ ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တ ဝဏ္ဏိတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြ သည်။

## လက်ခံယူ

ထို့နောက် ဆရာတော်သံဃာ တော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်ပရိ ယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အတွက် တစ်နေ့တာဆွမ်းအလှူငွေကျပ် ၂၅၀၀၀၀ကို စည်ပင်သာယာရေးဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်က လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင် က လက်ခံရယူသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၂၇**

၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီး ချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ် ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကိုယနေ့ နံနက်ပိုင်းတွင်သန်လျင်တပ်နယ်ရေတပ် လေ့ကျင့်ရေးဌာနချုပ်၌ ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူ များအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီးနောက် သေနတ် ပစ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာန ချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပေးအပ် ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

# ဒီပဲယင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၂၇**

ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်) က ကြီးမှူးကျင်းပမည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆို လပြည့်ကျော် ၆ ရက် (ဩဂုတ် ၄ ရက်) စနေနေ့ နံနက် ၈ နာရီခွဲတွင် ဗဟန်း မြို့နယ် ငါးထပ်ကြီးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ လှူဖွယ် ပစ္စည်း များ လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တဝါယမ ဖုန်း–၅၅၄၀၅၇၊ ဒေါက် တာ ဦးလှဖေ ဖုန်း– ၀၉၅ ၀၂၉၃၀၇၊ ၅၄၃၁၈၁၊ ဦးတင်ဦး ဖုန်း–၀၉၅ ၁၂၇၉၉၂၊ ၅၂၆၆၆၈၊ ဗိုလ်ကြီးဝင်းနိုင် (ငြိမ်း)ဖုန်း–၅၀၀၂၁၆၊၀၉၅–၁၁၇၆၆၀၊ ဦးဗိုလ်ဝင်း ဖုန်း–၀၉၅–၁၂၃၈၀၁၊ ဦးကျော်ဝင်းစိန် ဖုန်း– ၅၇၃၄၁၁ Ex ၂၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **(က–ပ)**

# မြစ်ကြီးနားမြို့ အကျဉ်းထောင်၌ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၇**

ကချင်ပြည်နယ်ရှိ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ဇူလိုင် ၁၆ ရက်တွင် မြစ်ကြီးနားမြို့ အကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူများအတွက် စုစုပေါင်းငွေကျပ် ခုနစ်သိန်းသုံးသောင်းရှစ်ထောင်ရှစ်ရာ့ငါးဆယ် တန်ဖိုးရှိ ရွှေဝါဆပ်ပြာ၊ ပေါင်မုန့်၊ အာလူးများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငါးခြောက်၊ အချိုမှုန့်၊ ကွေကာအုပ်၊ သကြားလုံးများ ထောက်ပံ့ပေးခြင်း၊ ဆေးဝါးကုသ ပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

အကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူ တို့၏ သားသမီး ၆၇ ဦးတို့အားလည်း သာဂူကျိုနှင့် ပေါင်မုန့်များကျွေးမွေး ခြင်း၊ အင်္ကျီများပေးအပ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နားမကြားသူများ လူမှုအသိုင်းအဝိုင်းအတွင်းဝင်ဆံ့နိုင်မှု ဆွေးနွေးချက် မှတ်တမ်းလက်မှတ်ရေးထိုးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)တို့သည် နားမကြားသူများ လူမှုအသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင်မှု မြှင့်တင်သည့် လူမှုဝန်ထမ်းစီမံခန့်ခွဲမှုကို အထောက်အကူပြုသည့် စီမံချက် ပူးပေါင်းဆောင်ရွက်ရန်အတွက် နှစ်ဦးနှစ်ဖက် ဆွေးနွေးချက်မှတ်တမ်းကို ဇူလိုင် ၁၈ နံနက်ပိုင်းက လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICAမြန်မာနိုင်ငံ ဌာနေ ကိုယ်စားလှယ် Ms. Michiko Umezaki တို့သည် ရန်ကုန်မြို့ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)၌ လက်မှတ်ရေးထိုးကြသည်။

## ပါဝင်စွမ်းဆောင်နိုင်

အဆိုပါ ဆွေးနွေးချက်မှတ်တမ်း၏ အဓိကရည်မှန်းချက်မှာ လူမှုဝန်ထမ်း အရာရှိများနှင့် နားမကြားသူများ၏ အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှုဖြင့် ရန်ကုန်နှင့် မန္တလေးရှိ နားမကြားသူများ၏ လူမှုအသိုင်း အဝိုင်းအတွင်း ပါဝင်စွမ်းဆောင်နိုင်မှုကို မြှင့်တင်ရန်ဖြစ်သည်။

## ပိုမိုရရှိ

အဆိုပါ ဆွေးနွေးချက်မှတ်တမ်းကို အကောင်အထည်ဖော် ဆောင်ရွက် ခြင်းဖြင့် မြန်မာနိုင်ငံအတွင်းရှိ နားမကြားသူများ၏ ပေါင်းသင်းဆက်ဆံရေး နယ်ပယ် ကျယ်ပြန့်ကာ နားမကြားသူများ လူ့အသိုင်းအဝိုင်းအတွင်း ပိုမိုဝင်ဆံ့နိုင်ပြီး အခွင့်အလမ်းများ ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားပြည်သူအားလုံး မိမိရပ်ရွာ၊ မိမိဒေသနှင့် မိမိနိုင်ငံကို မြတ်နိုးချစ်ခင် မိမိတို့ ရပ်ရွာဒေသကို ထိပါးလာလျှင်၊ တည်ငြိမ်အေးချမ်း လုံခြုံမှုကို ထိပါးလာလျှင် မည်သူ၏ စေ့ဆော်တိုက်တွန်းမှုကိုမျှ မစောင့်ဘဲ မိမိအသိနှင့် ကာကွယ်စောင့်ရှောက်ခဲ့

● ကျော်ဖုံးမှ

အလားတူ ဒဂုံတောင်မြို့နယ် NLD အတွင်းရေးမှူး အေးနိုင်၊ အင်းစိန် NLD လူငယ်တာဝန်ခံ စောကျော်ကျော်မင်းနှင့် အင်းစိန် NLD လူငယ်အဖွဲ့ဝင် အေးလွင်တို့သည် ၂၀၀၇ ခုနှစ် မေ ၁၅ ရက်က NLD စုစုနွေး ဦးဆောင်ပြုလုပ်မည့် ကျောက်တော်ကြီးဘုရား ဝတ်ပြုဆုတောင်းပွဲကို အကြောင်းပြကာ ဆူပူမှုဖြစ်အောင် ဖန်တီးလှုံ့ဆော်ခဲ့သဖြင့် နံနက် ၁၀ နာရီခွဲတွင် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ဘူတာရုံလမ်းရှိ ကားဂိတ်အနီး၌ ဆူပူမှုကိုမလိုလားသည့် နံ့သာကုန်းရပ်ကွက်နေ ပြည်သူများက ဝိုင်းဝန်းတားဆီးထိန်းသိမ်းကာ သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။

## တားဆီးထိန်းသိမ်း

ထို့အပြင် လှိုင်သာယာ NLD အတွင်းရေးမှူး သန့်ဇင်မျိုးသည် မေ ၁၅ ရက်က လှိုင်သာယာ NLD အဖွဲ့ဝင် ၁၀ ဦးနှင့်အတူ ဒေါ်စုကြည်ပုံပါ တီရှပ်များဝတ်ဆင်ကာ ရွှေတိဂုံဘုရားတွင် ဒေါ်စုကြည်လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းရန် အကြောင်းပြလျက် ဆူပူမှုဖြစ်ပွားအောင် လှုံ့ဆော်ဖန်တီးခဲ့သဖြင့် နံနက် ၈ နာရီ မိနစ် ၂၀ တွင် လှိုင်သာယာမြို့နယ် တံတားဖြူမှတ်တိုင်အနီး၌ အေးချမ်းတည်ငြိမ်စွာနေထိုင်လိုကြသော လှိုင်သာယာမြို့နယ် ၆ ရပ်ကွက်နေ ပြည်သူများက တားဆီးထိန်းသိမ်း၍ သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။

**မိမိတို့ တိုင်းရင်းသားပြည်သူအားလုံးတို့သည် ရှေးထုံးစဉ်လာ ဓလေ့အရပင် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံကို မြတ်နိုးချစ်ခင်ကြသူများ ဖြစ်ကြသည့်နည်းတူ မိမိဒေသ ရပ်ရွာအကျိုးနှင့် သက်ဆိုင်လာပါက ကိုယ်တိုင် ပါဝင်ဆောင်ရွက်ရမှ ကျေနပ်အားရကြသူများဖြစ်သည်။ အလားတူ မိမိဒေသရပ်ရွာ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စရပ်များတွင် မည်သူ၏ ဆော်ဩတိုက်တွန်းမှုကိုမျှ စောင့်ဆိုင်းခြင်းမရှိဘဲ မိမိကိုယ်ပိုင်အသိစိတ်ဖြင့် အလိုအလျောက် ပါဝင် ဆောင်ရွက်လေ့ရှိကြသည်။ ပင်ကိုစရိုက်အရ မိမိရပ်၊ မိမိရွာ၊ မိမိအိမ်ကို မထိပါးသရွေ့ အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုသော စိတ်ဆန္ဒနှင့် ပြည့်ဝသူများလည်း ဖြစ်ကြသည်။**

## ကာကွယ်စောင့်ရှောက်

**သို့သော် မိမိတို့ရပ်ရွာဒေသကို ထိပါးလာသည်၊ စော်ကားလာသည်ဟု ထင်လျှင်လည်းကောင်း၊ မိမိတို့ရပ်ရွာဒေသ၏ တည်ငြိမ်အေးချမ်းလုံခြုံမှုကို ထိပါးလာလျှင်သော်လည်းကောင်း မည်သူတစ်ဦးတစ်ယောက်၏ စေ့ဆော်တိုက်တွန်းမှုကိုမျှမစောင့်ဘဲ မိမိအသိနှင့်မိမိ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းတတ်ကြသူချည်းသာဖြစ်သည်။**

**အထက်ပါ မြန်မာပြည်သူများ၏ စိတ်နေစိတ်ထားနှင့် ဓလေ့ထုံးစံအရပင် မိမိတို့ရပ်ကွက်အတွင်းသို့ လာရောက်၍ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်ကြမည့်သူများကို တားဆီး၍ ကြိုတင်ကာကွယ်သည့်အနေဖြင့် သက်ဆိုင်ရာသို့ အပ်နှံခဲ့ကြခြင်းဖြစ်သည်။**

## ပြန်လည်စေလွှတ်ခဲ့

ထင်ကျော်(ခေါ်)ကျော်ထင်သည် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင်ပါဝင်ပြီး ရန်းရင်းဆန်ခတ်မှု ကျူးလွန်သည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇ ဖြင့်လည်းကောင်း၊ ပိုစတာကိုင်ဆောင်၍ ပြည်သူများအား သွေးထိုးလှုံ့ဆော်ပြီး အစိုးရကို မုန်းတီးအောင်၊ မလေးစားအောင်၊ အကြည်ညိုပျက်အောင် ပြုလုပ်သည့်အတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄(က)ဖြင့်လည်းကောင်း၊ ဆန္ဒပြရာတွင် ကြွေးကြော်ချက်များဖြန့်ဝေသည့်အတွက် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၇/၂၀ ဖြင့်လည်းကောင်း၊ လိုင်စင်လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ ဥပဒေမဲ့ ဆန္ဒပြသည့်အတွက် ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေပုဒ်မ ၃၀/၄၆ ဖြင့်လည်းကောင်း အရေးယူနိုင်သည်။ ထို့ပြင် အေးနိုင်၊ စောကျော်ကျော်မင်း၊ အေးလွင်နှင့် သန့်ဇင်မျိုးတို့သည် ဘာသာရေးကို ခုတုံးလုပ်ပြီး မြို့နယ်အသီးသီးမှ NLD ပါတီဝင်များနှင့်အတူ ဆုတောင်းပွဲများပြုလုပ်ကာ နိုင်ငံရေးစိတ်ဝင်စားသူအချို့အား စည်းရုံးလုပ်ဆောင်ခဲ့သည့်အတွက် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅(ည)ဖြင့်လည်းကောင်း၊ ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေရန် ပြုလုပ်ခဲ့သည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇ ဖြင့်လည်းကောင်း၊ လိုင်စင် လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ ဥပဒေမဲ့ဆန္ဒပြသည့်အတွက် ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေပုဒ်မ ၃၀/၄၆ဖြင့်လည်းကောင်း အရေးယူနိုင်သည်။ သို့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် မိဘသဖွယ်သဘောထားကြီးစွာဖြင့် ၎င်းတို့ငါးဦးကို ယခုကဲ့သို့ ပညာပေးပြုပြင်ပြီး ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

## သဘောထားကြီးစွာပြန်လွှတ်ခဲ့

**ထိုသို့နိုင်ငံတော်အစိုးရက ပြစ်မှုကြီးများဖြင့် အရေးယူခံရနိုင်သူများကို အရေးမယူဘဲ စိတ်ရင်းကောင်း စေတနာမှန်ဖြင့် ပညာပေးပြုပြင်ပြီး ပြန်လွှတ်ခဲ့ခြင်းကို ကြားသိကြရသော ပြည်သူများက ဤသို့ ဆူပူမှုဖြစ်ပွားအောင် လှုံ့ဆော်ဖန်တီးခဲ့သူများသည် ဆင်ခြင်တုံတရားကင်းမဲ့သူများ၊ ပြည်ပအားကိုး အဆိုးမြင်ဝါဒီများဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အမျိုးမျိုးသောထောက်ပံ့ပေးကမ်းမှုများကို မျှော်ကိုးပြီး နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် အန္တရာယ်ပြုနေသူများဖြစ်ကြောင်း၊ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်ကြသော ပြည်သူများကို ၎င်းတို့နှင့်အတူ ပူးပေါင်းပါဝင်လာအောင် ဘယ်သူသေသေ ငတေမာလျှင်ပြီးရော သဘောဖြင့် သွေးထိုးလှုံ့ဆော်နေသူများဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အစိုးရက သဘောထားကြီးစွာဖြင့် ပြန်လွှတ်ခဲ့ခြင်းအပေါ် နားလည်သိတတ်ပြီး ပြုပြင်နေထိုင်သွားကြရန်လိုကြောင်း၊ ဤသို့မဟုတ်ဘဲ ယခင်အတိုင်း ဆင်ခြင်တုံတရား ကင်းမဲ့စွာ ဆက်လက်လုပ်ဆောင်နေကြမည်ဆိုပါက အေးချမ်းတည်ငြိမ်မှုကိုလိုလားသော ပြည်သူလူထု၏ ပြင်းပြင်းထန်ထန် အရေးယူဒဏ်ခတ် ချေမှုန်းမှုကို ခံရမည်ဖြစ်ကြောင်းဖြင့် ဝေဖန်ပြောဆိုလျက်ရှိကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

စာမျက်နှာ ၄ မှ

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၁၁ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလုပ်ညှိကျသဘာပတိ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် ဝင်းသန်းက အဖွင့်အမှာစကား ပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များတွေ့ဆုံ ညှိနှိုင်းရာတွင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်တို့က ထပ်ဆင့်ရှင်းလင်း တင်ပြကြသည်။

## ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်ကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဦးလှသောင်းမြင့်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်ကို အလုပ်ညှိကျသဘာပတိ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် ဝင်းသန်းက အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များထံမှ သဘောထားရယူကာ အတည်ပြုကြောင်း ကြေညာပြီး အလုပ်ညှိကျသဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက် စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် တောင်ဥက္ကလာပ(၉) ရပ်ကွက်သုရ ၂လမ်း အမှတ် ၅၂၈ နေ ဒေါ်ယဉ်နုမိသားစုက ငွေကျပ်တစ်သိန်းကိုလှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးလှိုင်၊ ဦးအေးမြင့်တို့က လက်ခံယူကြစဉ်။**(က-ပ)

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ် ဗိုလ်ချုပ်အဘူရိုရှ်ဒီရိုကိုနုဒ်ဒေါ်လာအား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇူလိုင် ၂၈**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာမိုဟာမက် ခိုင်ရူဇ်ဇာမန်၏ နေရာတွင် ဗိုလ်ချုပ် အဘူရိုရှ်ဒီရိုကို နုဒ်ဒေါ်လာအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီးဖြစ်သည်။

ဗိုလ်ချုပ် အဘူရိုရှ်ဒီရိုကိုနုဒ်ဒေါ်လာသည် ၁၉၅၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ကာကွယ်ရေးပညာ မဟာဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ဘင်္ဂလားဒေ့ရှ် ကာကွယ်ရေးကောလိပ်နှင့် စစ်ဦးစီးတက္ကသိုလ်တို့မှ ဘွဲ့များ ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် တပ်မတော်ပြန်တမ်းဝင် အရာရှိဖြစ်လာခဲ့ပြီး၊ ၁၉၉၅ ခုနှစ်တွင် ဗိုလ်မှူးချုပ်အဆင့်သို့လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် ဗိုလ်ချုပ်အဆင့်သို့လည်းကောင်း တာဝန်တိုးမြှင့်ပေးအပ်ခြင်းခံခဲ့ရသည်။ ၎င်းသည် တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တပ်မတော်ဆိုင်ရာ ဘွဲ့တံဆိပ်လေးခု ချီးမြှင့်ခြင်းခံခဲ့ရပြီး ပေကျင်းမြို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးအဖြစ် လေးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ဗိုလ်ချုပ် အဘူရိုရှ်ဒီရိုကိုနုဒ်ဒေါ်လာသည် ၁၃-၅-၂၀၀၇ ရက်အထိ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်မတော်တွင် စစ်ထောက်ချုပ်အဖြစ် နောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့သည်။ ဗိုလ်ချုပ်အဘူရိုရှ်ဒီရိုကိုနုဒ်ဒေါ်လာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးတစ်ယောက်နှင့် သားတစ်ယောက် ရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၈-၇-၂၀၀၇ (စနေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇:၀၅ | "လွတ်လမ်းကိုရှာ"တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ) |
| ၈:၀၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ချစ်စကားတစ်ခွန်း အမှန်ဆိုပါသည်" |
| ၈:၂၀ | တေးဂီတအစီအစဉ် |
| ၈:၂၅ | စွန့်စားဖွေရှာရတနာကစားနည်း |
| ၉:၀၅ | တေးဂီတအစီအစဉ် |
| ၉:၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၀ | နိဗ္ဗာန်ဆီသို့--- ဒေါက်တာချစ်ငယ်(ဒဿန) Ph.D |
| ၉:၅၀ | တေးဂီတအစီအစဉ် |
| ၁၀:၀၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၀:၂၀ | တေးဂီတအစီအစဉ် |
| ၁၀:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၃၅ | ဆက်ကပ်လှူဒါန်း ဝါဆိုမြတ်သင်္ကန်း |
| ၁၁:၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၁၀ | တေးဂီတအစီအစဉ် |
| ၁၁:၁၅ | မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ |
| ၁၁:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၄၅ | မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ |
| ၁၂:၁၀ | Activities in the City |
| ၁၂:၂၀ | တေးဂီတအစီအစဉ် |
| ၁၂:၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**၂၀၀၇ ခုနှစ် အာရှဖလားပွဲစဉ်**

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ည ၇:၀၅ | ကိုရီးယား-ဂျပန် (တတိယနေရာလုပွဲ) | MRTV 4 (Live) |

## NLD ကို ယုံကြည်မှုမရှိ၊ ပါတီ၏လုပ်ရပ်များ စိတ်မဝင်စား အရာတော်မြို့နယ်မှ ပါတီဝင် ၃၅ ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဇူလိုင် ၂၇**

မန္တလေးတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မကျီးစောက်ကျေးရွာနေ ဦးကျော်ထွန်း၊ ဦးအောင်ဆန်း၊ ဦးသိန်းရွှေတို့အပါအဝင် ၂၂ ဦး၊ ကိုင်းကျေးရွာနေ ဦးသန်းလွင်၊ ဒေါ်ဆန်းအေး၊ ဦးရွှေဝိုင်းတို့အပါအဝင် ၁၃ ဦးတို့သည် ဇူလိုင် ၁၆ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD )ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အရာတော်မြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့အနေဖြင့် NLDပါတီကို ယုံကြည်မှုမရှိတော့ခြင်း၊ ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့ခြင်းတို့ကြောင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

# အောင်စကြာ မိုးကုတ်ရိပ်သာ ဝါတွင်းတရားစခန်းပွဲ

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝါတွင်း ၁၀ရက် တရားစခန်းပွဲများကို ဒုတိယ ဝါဆိုလပြည့်ကျော် ၆ရက်မှ ၁၅ရက် (ဩဂုတ် ၄ ရက်မှ ၁၃ ရက်) အထိ ဦးသုမနာစာရ မြောက်ဥက္ကလာပ၊ ဝါခေါင်လဆန်း ၆ရက်မှ ၁၅ရက် (ဩဂုတ် ၁၉ရက်မှ ၂၈ရက်)အထိ ဦးစန္ဒသာရကျောင်းကုန်းမြို့၊ ဝါခေါင် လပြည့်ကျော် ၅ရက်မှ ၁၄ရက် (စက်တင်ဘာ၂ရက်မှ ၁၁ရက်)အထိ ဦးသုဇာတ စမ်းချောင်း၊ တော်သလင်း လဆန်း ၆ရက်မှ ၁၅ရက် (စက်တင်ဘာ၁၇ရက်မှ၂၆ရက်)အထိ၊ ဦးပဏ္ဍိတ (ပိဋကနှစ်ပုံဆောင်)ဗဟန်း၊ တော်သလင်းလပြည့်ကျော် ၆ရက်မှ ၁၅ရက် (အောက်တိုဘာ ၂ရက်မှ ၁၁ရက်)အထိ ဦးဉာဏောဘာသ သန်လျင်တို့နှင့် သီတင်းကျွတ်လဆန်း ၆ရက်မှ ၁၅ရက် (အောက်တိုဘာ ၁၇ရက်မှ ၂၆ရက်) အထိ ဦးစန္ဒသိရီနှင့်ဆရာ ဦးဆန်းတင် သာကေတမြို့တို့က ပဋ္ဌာန်းသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ပြီ တရားစခန်းဝင်လိုသော ယောဂီများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလိုသော အလှူရှင်များ ဖုန်း-၅၄၇၀၂၈၊ ၀၉-၅၁-၄၇၃၈၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

# ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက် သဒ္ဓမ္မဝါဒီ ဟင်္သာတပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် အမှူးထား၍ ဝါကပ်တော်မူကြသော စာချစာသင်သံဃာတော်အပါး ၈၀ကျော်တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဇူလိုင်၃၀ရက် (ဒုတိယဝါဆိုလပြည့်ကျော်၁ရက်)ညနေ၅နာရီတွင် အဆိုပါစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုနိုင်ကြောင်းနှင့် ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း-၆၉၂၃၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

# ဝန်ကြီးဌာနပေါင်းစုံ ဒုတိယအုပ်စုပတ်လည် ဘောလုံးပြိုင်ပွဲ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအသင်းအနိုင်ရရှိ

**နေပြည်တော် ဇူလိုင် ၂၇**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း စီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ၏ ပွဲစဉ်အမှတ် (၁၀)ပြိုင်ပွဲကို ယနေ့ညနေ၄နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

**ပေါင်းလောင်းအားကစားကွင်း ညနေ ၄ နာရီပွဲ (ကက)အုပ်စု**

| | |
|---|---|
| မွေး/ရေ | နှစ်ဂိုး။ |
| နယ်စပ်/စည်ပင် | ဂိုးမရှိ။ |

ယနေ့ကျင်းပသည့်ဘောလုံးပြိုင်ပွဲသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်းများ၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

**ကစားမည်**

ဇူလိုင် ၂၈ရက် **(ယနေ့)** ညနေ၄နာရီတွင် နေပြည်တော် ပေါင်းလောင်းအားကစားကွင်း၌ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် (ခခ)အုပ်စုမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်းတို့ နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**တစ်ရက်နား**

အဆိုပါဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်(ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့)တွင် တစ်ရက်တာရက်နားမည်ဖြစ်ပြီး ဇူလိုင်၃၀ရက်တွင် (ခခ)အုပ်စုမှ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ ဇူလိုင်၃၁ရက်တွင် (ဂဂ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း နေ့စဉ်ညနေ၄နာရီတွင် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(က-ပ)

# မျက်စိအထူးကု ဆရာဝန်ကြီးများ မလှိုင်မြို့တွင် ဇီဝိတဒါနဆေးကုသပေးမည်

**ရန်ကုန် ဇူလိုင် ၂၇**

မိတ္ထီလာခရိုင်နှင့် မလှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှကြီးမှူး၍ မလှိုင်မြို့နယ်သူမြို့နယ်သားများ၏ ဇီဝိတဒါန မျက်စိရောဂါ ကွင်းဆင်းကုသရေး အကျိုးဆောင်အဖွဲ့နှင့် မလှိုင်မြို့နယ် ပုညကုသလအနုရက္ခိတ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်းပြီး မလှိုင်မြို့နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား ဇီဝိတဒါန ကုသခြင်းလုပ်ငန်းကို မလှိုင်မြို့တွင် စက်တင်ဘာ၇ရက်မှ ၁၀ရက်ထိ ဆောင်ရွက်ကြမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် မျက်စိရောဂါဝေဒနာရှင်များအတွက် အလှူငွေများကို ဒေါက်တာ ဦးထွန်းအောင်ကျော် ဖုန်း-၆၄၂၁၇၇၊ ဒေါ်အေးပြည့်ဝေခင် ဖုန်း-၅၇၁၈၃၇၊ ဒေါ်ကြည်ကြည်ညွှန့် ဖုန်း-၅၆၀၆၇၇၊ ဒေါက်တာ ဦးတိုးလှိုင် ဖုန်း-၂၅၂၂၄၄၊ ဦးရဲထွန်းနိုင် ဖုန်း-၅၅၇၂၉၈၊ ဒေါ်ခင်ခင်အုန်း ဖုန်း-၅၇၁၉၇၀၊ ဦးထွန်းအောင်လင်း ဖုန်း-၃၈၃၇၆၂၊ ဒေါ်ခင်ဌေးဦး ဖုန်း-၅၄၅၅၉၉နှင့် ဒေါ်ခင်မေနွဲ့ ဖုန်း-၅၂၆၇၃၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး အကြိုဖိုလ်လုပွဲစဉ်များယှဉ်ပြိုင်

**သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)**

**ရန်ကုန် ဇူလိုင် ၂၇**

(၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပွဲပြိုင်ပွဲ အကြိုဖိုလ်လုပွဲများကို ယနေ့နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ အမျိုးသမီး ပထမအကြိုဖိုလ်လုပွဲတွင် လက်ရှိချန်ပီယံ စစ်ကိုင်းတိုင်းအသင်းက

**ယခုပွဲတွင် အမှတ်ရရှိရေးအတွက်အမြန်နှုန်းမြှင့်၍ တိုက်စစ်ဆင် ထိုးဖောက်ကစားခဲ့ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နည်းပြဆရာ ဦးညီညီလှိုင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။**

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းကို ၈၆ မှတ် ၃၇ မှတ်ဖြင့် အနိုင်ရရှိပြီး လေးနှစ်ဆက်တိုက် ဖိုလ်လုပွဲသို့ တက်ရောက်သွားသည်။

**ဖိုလ်လုပွဲဆင်နွှဲရမည်**

အမျိုးသမီးဒုတိယအကြို ဖိုလ်လုပွဲအဖြစ် ယမန်နှစ်က ဒုတိယရရှိထားသည့် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက ပဲခူးတိုင်းအသင်းကို ၆၉မှတ် ၃၃မှတ်ဖြင့်အနိုင်ရရှိပြီး ငါးကြိမ်ဆက်တိုက် ဖိုလ်လုပွဲသို့ တက်ရောက်သွားပြီး စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းနှင့် ဖိုလ်လုပွဲ ဆင်နွှဲရမည်ဖြစ်သည်။

အမျိုးသား ပထမအကြိုဖိုလ်လုပွဲ

**အခွင့်အရေးကို မိမိရရ အသုံးချ ကစားပြီး ဂိုးသွင်းနိုင်မှုကြောင့် အနိုင်ရရှိခြင်း ဖြစ်ကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းခေါင်းဆောင် ဦးလှထွန်းက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။**

(မြန်မာ့အလင်း)

တွင် ယမန်နှစ် တတိယဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းနှင့် လက်ရှိ ချန်ပီယံမန္တလေးတိုင်း အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းက မန္တလေးတိုင်းအသင်းကို၇၇မှတ် အမှတ် ၅၀ဖြင့် အနိုင်ရရှိပြီး ဖိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသား ဒုတိယအကြိုဖိုလ်လုပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက ၆၉မှတ် ၅၉ မှတ်ဖြင့် အနိုင်ရရှိပြီး ဖိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဖိုလ်လုပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းနှင့် ဆုံတွေ့မည်ဖြစ်သည်။

**ပြိုင်ပွဲအခြေအနေ**

ပြိုင်ပွဲ အပြီးတွင် မြန်မာ့အလင်း သတင်းအဖွဲ့သည် စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းအုပ်ချုပ်သူ ဒေါ်ဆုမွန်အောင်၊ ရန်ကုန်တိုင်း အမျိုးသမီးအသင်းအုပ်ချုပ်သူ ဒေါ်စိုးစိုးလွင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသားအသင်းနည်းပြဆရာ ဦးညီညီလှိုင်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းခေါင်းဆောင် ကိုလှထွန်းတို့နှင့် တွေ့ဆုံ၍ ပြိုင်ပွဲအခြေအနေ၊ ပါဝင်ယှဉ်ပြိုင်မှု အခြေအနေများကို မေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်။

စစ်ကိုင်းတိုင်း အမျိုးသမီးအသင်း အုပ်ချုပ်သူဒေါ်ဆုမွန်အောင်က"မိမိတို့ ယခုအကြိုဖိုလ်လုပွဲတွင် နည်းပြဆရာနှင့် ညှိနှိုင်း၍ ကစားသမားတစ်ဦးချင်းစီ လူကပ်ကစားနည်းကို အဓိကထားပြီး ကလေးတွေကို ကစားစေခဲ့ကြောင်း၊ မိမိတို့ကလေးတွေ စိတ်ဓာတ်ကောင်းမွန်ခြင်း၊ စုစည်းလေ့ကျင့်မှု အားကောင်းခြင်း၊ နိုင်လိုစိတ် ထက်သန်ခြင်းတို့ကြောင့် အနိုင်ရရှိပြီး ပထမဒိုင်းဆုကြီး ရရှိရန် လက်တကမ်းသာ လိုတော့ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

**ဟန့်တား**

**(၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား အကြိုဖိုလ်လုပွဲတွင် မန္တလေးတိုင်းအသင်းမှ အောင်အောင်ဦး ထိုးဖောက်မှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း) အသင်းမှ သိန်းသန်းအောင် နံပါတ်(၁၄) က ဤသို့ဟန့်တားခဲ့သည်။**

(မြန်မာ့အလင်း)

**အဓိကတိုက်စစ်ဆင်**

ရန်ကုန်တိုင်း အမျိုးသမီးအသင်း အုပ်ချုပ်သူ ဒေါ်စိုးစိုးလွင်က "နှစ်သင်းစလုံး အဓိကတိုက်စစ်ဆင်ကစားသော်လည်း မိမိတို့အသင်းသည် ရရှိသည့် အခွင့်အရေးကို ပိုင်နိုင်စွာ အသုံးချဂိုးသွင်းနိုင်မှု၊ တစ်သင်းလုံး နိုင်လိုအားပြင်းထန်ပြီး အပေးအယူအချိတ်အဆက် မိမိဖြင့် ထိုးဖောက်နိုင်မှုကြောင့် ယခုလို အနိုင်ရရှိပြီး ဖိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းဖြစ်ကြောင်း"ရှင်းပြသွားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသားအသင်း နည်းပြဆရာ ဦးညီညီလှိုင်က"မိမိတို့ ယခုပွဲတွင် အမှတ်ရရှိရေးအတွက် အမြန်နှုန်းမြှင့်၍ တိုက်စစ်ဆင် ထိုးဖောက်ကစားခဲ့ကြောင်း၊ တစ်ဖက်အသင်း၏ အားနည်းချက်ကိုကြည့်၍

**မိမိတို့ ကလေးတွေစိတ်ဓာတ်ကောင်းမွန်ခြင်း၊ စုစည်းလေ့ကျင့်မှု အားကောင်းခြင်း၊ နိုင်လိုစိတ်ထက်သန်ခြင်းတို့ကြောင့် အနိုင်ရရှိခြင်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်း အုပ်ချုပ်သူ ဒေါ်ဆုမွန်အောင်က မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။**

(မြန်မာ့အလင်း)

မိမိအသင်းတို့ ပြင်ဆင်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိတို့ အသင်းအတွေ့အကြုံ နည်းစနစ်ပိုင်းကောင်းမွန်ခြင်း၊ စုစည်းလေ့ကျင့်မှု အားကောင်းခြင်းတို့ကြောင့် အခုလိုအနိုင်ရရှိပြီး ဖိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း" ရှင်းပြသွားသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းခေါင်းဆောင် ကိုလှထွန်းက "မိမိတို့ ယခုအကြိုဖိုလ်လုပွဲတွင် တစ်သင်းလုံး အချိတ်အဆက်မိမိဖြင့် ခံစစ်တိုက်စစ် အပေးအယူမှုတပြီး ရရှိသည့်အခွင့်အရေးကို မိမိရရ အသုံးချကစားပြီး ဂိုးသွင်းနိုင်မှုကြောင့် ရမှတ်များတိုးလာပြီး အနိုင်ရရှိခြင်းဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

ဇူလိုင် ၂၈ရက် **(ယနေ့)** မွန်းတည့် ၁၂နာရီတွင် ဖိုလ်လုပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသမီးဖိုလ်လုပွဲတွင် လက်ရှိချန်ပီယံ စစ်ကိုင်းတိုင်းနှင့် ရန်ကုန်တိုင်း၊ အမျိုးသားဖိုလ်လုပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်း

**ရရှိသည့် အခွင့်အရေးကို ပိုင်နိုင်စွာ အသုံးချ ဂိုးသွင်းနိုင်ခြင်း၊ တစ်သင်းလုံး အပေးအယူ အချိတ်အဆက်မိမိဖြင့် ထိုးဖောက်နိုင်မှုကြောင့် ဖိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်း ဖြစ်ကြောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးအသင်း အုပ်ချုပ်သူ ဒေါ်စိုးစိုးလွင်က မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။**

(မြန်မာ့အလင်း)

ပြည်နယ် (မြောက်ပိုင်း)တို့ ပွဲကြီးပွဲကောင်း အကြိတ်အနယ်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ဘတ်စကက်ဘော ဝါသနာရှင်များအား သတင်းကောင်းပါးလိုက်ပါသည်။ ။**(မြန်မာ့အလင်း)**

# IDP, Refugee တွေ ပပျောက်ပြီး ကရင်ပြည်နယ် နယ်စပ်ဒေသ တကယ်တည်ငြိမ

နံနက်စောစော VOA ၏ မဟုတ်မဟတ် လုပ်ဇာတ်တွေကြောင့် ရင်ခံပြီး နံနက်စောစာကို ဟုတ်တိပတ်တိ မစားဖြစ်ခဲ့သော ကျွန်တော်သည် ကြီးကြီးမြ ဖျော်ပေးသော ကော်ဖီမစ်ကို ခပ်သွက်သွက်ပင် မော့ချလိုက်မိသည်။ ဘကြီးစိုးနှင့် ကြီးကြီးမြတို့ မောင်နှံကမူ ကော်ဖီမစ်ကို အေးအေးဆေးဆေး အရသာခံ သောက်နေကြဟန်တူ၏။ ကျွန်တော့်မှာသာ မဆုံးသေးသော KNU ၏ လက်ရဲဇက်ရဲ ဇာတ်လမ်းစုံအတွက် သိလိုဇောနှင့် စိတ်လောနေမိသည် မဟုတ်ပါလား။

**ဘကြီးစိုး** – ဟ–မောင်ကျော်ရ ကော်ဖီသောက်တာမြန်လှချည်လားကွ။

**စိုးမြကျော်** – ဟုတ်ကဲ့ ဘကြီး။ ကျွန်တော်က အစားအသောက်ဆို လက်သွက်တာလဲ ပါပါတယ်။ တစ်ဖက်ကလဲ ကော်ဖီကိစ္စမြန်မြန်ပြီးတော့ ဘကြီးတို့၊ ကြီးကြီးတို့ ပြောတာ၊ ဆွေးနွေးတာကို စောစောနာယူ မှတ်သားနိုင်အောင်လို့ပါ။

**ကြီးကြီးမြ** – မင်းကတော့ စံပါပဲ မောင်ကျော်ရယ်။ ကဲ… ကိုစိုးရေ။ ပရိသတ်ကတော့ မျှော်လင့်စောင့်စားနေပြီနော်။

**ဘကြီးစိုး** – ဒါဆိုလဲ ဆက်ကြတာပေါ့ကွာ။ ကော်ဖီမသောက်ခင်က မောင်ကျော်ပြောခဲ့သလိုပဲ **လူမျိုးတုံး သတ်ဖြတ်မှုနဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဆိုတာတွေဟာ KNU က လက်စွဲပြုကျင့်သုံးခဲ့တဲ့၊ အခုလဲကျင့်သုံးနေဆဲဖြစ်တဲ့ နည်းဗျူဟာတွေပဲ မောင်ကျော်ရေ။ ဒါ့အပြင် ဒီနေ့ တပ်မတော်အပေါ်မှာ မဟုတ်မဟတ် လုပ်ဇာတ်ဆင် စွပ်စွဲပုတ်ခတ်နေတဲ့ Licensed to Rape ဆိုတာကို သောင်းကျန်းမှုကာလတစ်လျှောက်လုံး မြိန်ရေရှက်ရေ ကျင့်သုံးခဲ့သူတွေကတော့ KNU မှ KNU ပါပဲ**။

**စိုးမြကျော်** – ကျွန်တော်လဲ ကြားဖူးနားဝတော့ရှိပါတယ်။ ဒါပေမယ့် ခိုင်ခိုင်မာမာ တိတိကျကျ သိရအောင် ဆက်ရှင်းပြပါဦး ဘကြီးရယ်။

**ဘကြီးစိုး** – ဒီလိုမောင်ကျော်ရဲ့၊ KNU သောင်းကျန်းသူခေါင်းဆောင်အချို့ဟာ လူသတ်၊ ဓားပြတိုက်၊ မုဒိမ်းကျင့်ရာမှာ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့ကြတယ်။ ၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့က ကရင်သောင်းကျန်းသူ ဗိုလ်ရာကျော်နဲ့အဖွဲ့ဟာ စစ်တောင်းက ထွက်ခွာလာတဲ့ လူစီးရထားကို နောင်ကုလားရွာအနီးမှာ မိုင်းခွဲတိုက်ခိုက်ပြီး ခရီးသည်တွေဆီက ပါသမျှ ပစ္စည်းအားလုံး လုယက်ယူငင်ခဲ့ကြတယ်။ ယောကျ်ားမိန်းမ ၅၀ခန့်ကို ပြန်ပေးဆွဲပြီး ငွေနဲ့လိုက်ရွေးတဲ့ ယောကျ်ားတွေကို ပြန်လွှတ်ပေးတယ်။ ငွေနဲ့လိုက်ရွေးတဲ့ အမျိုးသမီးတွေကိုတော့ ဗိုလ်ရာကျော်နဲ့ နောက်လိုက်တွေက မုဒိမ်းကျင့်ပြီးမှ ပြန်လွှတ်ပေးခဲ့တယ်။ ငွေပေးပြီး မရွေးနိုင်တဲ့ ယောကျ်ားအားလုံးကို သတ်ပစ်ခဲ့ပြီး ငွေပေးပြီး မရွေးနိုင်တဲ့ အမျိုးသမီးအားလုံးကိုတော့ အစုလိုက်အပြုံလိုက် မုဒိမ်းကျင့်ပြီးမှ သတ်ပစ်ခဲ့ကြတယ်လေ။

KNU သောင်းကျန်းသူ လင်းထင်၊ ဆလန်၊ ဖားလူကျော်တို့ဟာ အဓမ္မပြုကျင့်တဲ့ ကိစ္စကို ထမင်းစားရေသောက် သဘောထားပြီး ကျူးလွန်ခဲ့ကြတယ်လို့ သိရတယ်။ အဲဒီလို အဓမ္မကျူးလွန်ရုံတင် မကဘူး၊ လင်းထင်က တရားဝင်မိန်းမ ၄၅ယောက်ယူခဲ့တယ်ဆိုပဲ။ ဆလန်က မိန်းမ ၁၂၀ကျော်၊ သူ့ထက်ကဲ ဖားလူကျော်ကတော့ မိန်းမ၁၅၀ကျော်ယူခဲ့တယ်။ KNU တွေ အဓမ္မပြုကျင့် စော်ကားခဲ့လို့ ဗမာ၊ ကရင်၊ မွန် တိုင်းရင်းသူထောင်ပေါင်းများစွာ ဘဝပျက်ခဲ့ရတယ်ဆိုတာ ပုံပြင်တွေ မဟုတ်ဘူး မောင်ကျော်ရေ။

**စိုးမြကျော်** – တကယ်ဆိုးလှပါလား ဘကြီးရယ်။

**ကြီးကြီးမြ** – နာမည်ကြီး ဗိုလ်သန်းရှိန်ဆိုတာ ကျန်သေးတယ်လေ ကိုစိုးရဲ့။

**ဘကြီးစိုး** – ဟုတ်တယ် မောင်ကျော်ရေ။ မြစ်ဝကျွန်းပေါ် KNU ပြောက်ကျားတပ်ရင်း(၃)က ဗိုလ်သန်းရှိန်ဆိုတာ အမျိုးသမီးတွေကို ဖျက်ဆီးတဲ့နေရာမှာတော့ နာမည်ကြီးပေါ့။ သူ့မယားလိုချင် သူ့လင်လုံ့နဲ့ထိုးဆိုတဲ့ စကားအတိုင်း သူတစ်ပါးမယားကိုယူတိုင်း လင်ဖြစ်သူကို သတ်ပစ်ခဲ့တယ်လေ။ ဗိုလ်သန်းရှိန်ဟာ တစ်ရက်နှစ်ရက်အတွင်းမှာပဲ လူပေါင်း ၅၀ကျော် သတ်နိုင်တဲ့သူလို့ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တာသာ ကြည့်တော့။ ပြောရရင်တော့ မကောင်းပါဘူးကွာ။ KNU ဆိုတာ ကိုယ့်ရဲဘော်ရဲ့ ဇနီးကိုတောင်မှ မုဒိမ်းကျင့်တာတို့၊ ကိုယ်ဝန်ဆောင်ကိုတောင် အလွတ်မပေးခဲ့တာတို့ တကယ့် ကာမဘီလူးတွေပါပဲ။

**ကြီးကြီးမြ** – တော်ပါတော့ ကိုစိုးရယ်။ သူတို့ကျူးလွန်ခဲ့သမျှ Licensed to Rape ကိစ္စတွေ အိတ်သွန်ဖာမှောက် ပြောနေရင် အမျိုးသမီးတွေဘက်က ခံပြင်းစရာကောင်းလွန်းလှပါတယ်။ တခြားကိစ္စတွေသာ ဆက်ပါတော့။

**ဘကြီးစိုး** – ရက်စက်ရိုင်းစိုင်းတဲ့ KNU တချို့ဟာ လူသတ်ပြီး လူသားစားတဲ့ လုပ်ရပ်တွေအထိ ရှိခဲ့တယ်။ ဒါပေမယ့် မပြောလိုတော့ပါဘူး။ ဒီလို လူမဆန်တဲ့ အကြမ်းဖက်လုပ်ရပ်တွေနဲ့ ယှဉ်ပါးခဲ့သူများပီပီ ကမ္ဘာပေါ်မှာ ပထမဦးဆုံးသော လေယာဉ်အပိုင်စီးနင်းမှုကို အကြမ်းဖက်ဝါဒရဲ့ လမ်းပြရှေ့ဆောင်အဖြစ် ကျူးလွန်ခဲ့ကြဖူးသေးတယ်လေ။

**စိုးမြကျော်** – ဟာ… ဒီလိုမျိုးအထိတောင် ကြံဖူး လုပ်ဖူးကြသလား ဘကြီး။ ကျွန်တော်ဖြင့် ကိုယ့်နားကိုယ်တောင် မယုံနိုင်ဘူး။

**ဘကြီးစိုး** – ယုံလိုက်ပါ မောင်ကျော်ရာ။ ၁၉၅၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှာ ရန်ကုန်–ကျောက်ဖြူ–စစ်တွေ ခရီးစဉ် မြန်မာ့လေကြောင်းပိုင် ခရီးသည်တင် ဒါကိုတာ လေယာဉ်ကို KNU တွေက အပိုင်စီးပြီး ဂွမြို့တောင်ဘက် မန်ကျည်းစင်ရွာအနီး ပင်လယ်ကမ်းခြေမှာ အတင်းဆင်းခိုင်းခဲ့ကြတယ်။ ပြီးတော့ လေယာဉ်ပေါ်ပါတဲ့ နိုင်ငံပိုင်ငွေကျပ် ၇၂၄၀၀၀ ကို အပိုင်စီးလုယူ သွားခဲ့ကြတယ်လေ။ ဆက်ပြောမယ်ဆိုရင် အများကြီးရှိသေးတယ် မောင်ကျော်။ ၁၀–၁–၁၉၈၈ရက်နေ့က မန္တလေး–ရန်ကုန်အစုန်အမြန်ရထားကို ရန်ကုန်ဘူတာကြီးအဝင်မှာ ချိန်ကိုက်ဗုံးထောင်ဖောက်ခွဲမှု၊ ၁၉၈၈ခုနှစ် မတ်လမှာ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ကို ဝင်ရောက်ပစ်ခတ် တိုက်ခိုက် ဖျက်ဆီးမှု၊ ၁၀–၅–၁၉၈၉ရက်နေ့မှာ အလံတစ်ရာဆရာတော်ကြီးရဲ့ ပုံတူရုပ်တုကို သယ်ဆောင်ဖို့ သထုံ–ဘားအံ–လှိုင်းဘွဲ့ ခရီးစဉ်အတိုင်းလာတဲ့ သာသနာပြုယာဉ်တန်းကို ကြာအင်းကျေးရွာနားမှာ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ပြီး မော်တော်ယာဉ်တွေကို မီးရှို့ဖျက်ဆီးခဲ့မှု၊ ၃–၂–၁၉၉၁ရက်နေ့မှာ ထားဝယ်ကနေ သရက်ချောင်းကို ကြွချီလာတဲ့ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ အမှူးပြုတဲ့ သာသနာပြုယာဉ်တန်းကို စောင့်ကြိုပြီး မိုင်းခွဲတိုက်ခိုက်လုပ်ကြံမှု စသဖြင့် ပြောလို့ ဘယ်ဆုံးနိုင်ပါ့မလဲကွာ။

## စိုးမြကျော်

**စိုးမြကျော်**– မှန်ပါတယ် ဘကြီး။ **KNU တို့ရဲ့ ဗီဇသန္ဓေကိုက ကျဉ်းမြောင်းတဲ့လူမျိုးရေးကို အခြေခံလာတာဖြစ်ပြီး နယ်ချဲ့ရဲ့ သွေးထိုးမြှောက်ပင့်ပေးမှုတွေနဲ့ တလွဲမာနတက်ပြီး ၁၉၄၈ခုနှစ် လွတ်လပ်ရေးကိုလဲ အသိအမှတ်မပြု၊ သီးခြားပြည်နယ်ခွဲထွက်ရေး တောင်းဆို၊ လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကိုပဲ တစိုက်မတ်မတ် လုပ်လာခဲ့တာဆိုတော့ သူတို့ရဲ့ အဖျက်လုပ်ရပ်တွေက တစ်ရက် တစ်ပတ်နဲ့ ဘယ်ပြောလို့ ဆုံးနိုင်ပါ့မလဲ။** ဒီလောက်ဆို KNU ဆိုတာ ဆူပူအကြမ်းဖက်အဖျက်လုပ်ရပ်များတို့ရဲ့ဘုရင်ဆိုတာ ကျွန်တော်တို့ ကောင်းကောင်းသဘောပေါက်ပါပြီ။ ကျန်တဲ့အပိုင်းတွေ ဆက်ပါဦး ဘကြီးခင်ဗျား။

**ဘကြီးစိုး** – အေး… ဒီလောက်နဲ့ ဖြတ်တာပဲ ကောင်းပါတယ် မောင်ကျော်ရာ။ မောင်ကျော်ပြောသလို **KNU ဟာ လွဲမှားတဲ့လမ်းကြောင်းပေါ်မှာ ကရင်ပြည်နယ်ဖွံ့စည်းရေး၊ ကရင်လူထုကောင်းစားရေးဆိုတာတွေကို ပါးစပ်က အမြှုပ်ထွက်မတတ် ကြွေးကြော်နေပေမယ့် လက်တွေ့မှာတော့ စစ်ဘုရင်ဝါဒနဲ့ တစ်ဗိုလ်တစ်မင်းကျင့်သုံးပြီး ကရင်အပါအဝင် ဒေသခံလူထုတွေကို ငြိုးသူရန်ဘက်ပမာ ရက်ရက်စက်စက်ပြုကျင့် ဗိုလ်ကျခဲ့ကြတယ်လေ။** ကြာတော့လဲ လူပဲကွာ၊ ဘယ်ခေါင်းငုံ့ခံနိုင်ကြတော့မလဲ။ နောက်ဆုံးတော့ ပြည်သူတွေကိုယ်တိုင် KNU ကို တွန်းလှန် အံကြွဆန့်ကျင်ခဲ့ကြတယ်။ ၁၄–၂–၁၉၆၈ရက်နေ့က KNU

ဗိုလ်အောင်သန်းနဲ့ အင်အား၅
မှာရှိတဲ့ လမ်းသမိုင် ရွာထဲက
တပ်မတော်စခန်းမရှိပေမယ့်
ဓားလုံ့ဝါးချွန်စတာတွေ အသ
ခံပြင်းမှုအပြည့်နဲ့ တိုက်ခိုက
KNU တွေ ထွက်ပြေးခဲ့ကြရ

နောက်ဆုံးတော့ KNU
**ထောက်ခံမှုလုံးဝဆုံးရှုံးပြီး မြစ်ဝ**
**ဝက်ပြေး ပြေးခဲ့ရတယ်လေ။**
**ပြည်သူတွေဟာ ၁၉၆၉၊ ၁၉၇**
**မှာ တပ်မတော်နဲ့ ပူးပေါင်းပြီး**
**သိလွှာစတဲ့ စစ်ဆင်ရေးကြီး**
**ပြည်သူတွေ ကိုယ်တိုင်ပါဝင်တဲ့**
**ဖြတ်လေးဖြတ်နည်းဗျူဟာတွေ**
**မြစ်ဝကျွန်းပေါ်ဒေသကို စွန့်**
**တစ်ဖက်နိုင်ငံနယ်စပ်ကို ရော**

**စိုးမြကျော်** – ကျွန်တော်တော့ အဲဒီနယ်စပ်ရေ
ထင်တာပဲ။ အဲဒီနောက်ပိုင်းကိ
သိသင့်သလောက် သိလာပြီ

**ကြီးကြီးမြ** – ဒါဆို မောင်ကျော်ကပဲ တစ်
ကြီးကြီးတို့ နားထောင်ရတာ

**စိုးမြကျော်** – ဟုတ်ကဲ့ ကြီးကြီး။ **KNU ဟာ**
**ကြွေးကြော်နေပေမယ့် လက်**
**တစ်လျှောက်မှာ အနိုင်အမာ**
**ဗိုလ်ကျမင်းမူဖို့ ကြိုးစားခဲ့တ**
**ကိုယ့်လူမျိုး ကောင်းစားရေးအ**
**နိုင်ခဲ့ပေမယ့် သိတဲ့အတိုင်း**
**တောင်းတယ်၊ အခွန်ကော**
**ကျောက်မျက်နဲ့ ကျွန်းသစ်တွေ**
**နိုင်ငံခြားငွေရရှိဖို့ ဒုက္ခသည်စ**
**ငွေတောင်းတယ်။** ဒါတွေပဲမ

**ဘကြီးစိုး** – ဒါပေါ့ မောင်ကျော်ရာ။ **နိုင်ငံ**
**ထောက်ပံ့စာယူပြီးတော့ ပြည်ပ**
**KNU ဟာ ကရင်ပြည်နယ်ကို**
**ချစ်သလား မေးနေစရာတော**
**မယ့် KNU ခေါင်းဆောင်ပိုင်**
**အခြေချပြီး စီးပွားရေးလုပ်တယ်**
**ရတဲ့ဒေါ်လာတွေနဲ့ ထိုင်းနိုင်ငံမှ**
**တယ်၊ ကားတွေဝယ်တယ်။**
**နိုင်ငံခြားလွှတ်ပြီး ပညာကော**
**အောက်ခြေရဲဘော်တွေနဲ့ ဒေသ**
**မသိချင်ယောင်ဆောင် နေခဲ့**
**ဒုက္ခသည် စခန်းတွေကို လက်**

**KNU ဟာ လွဲမှားတဲ့ လမ်းကြောင်းပေါ်မှာ ကရင်ပြည်နယ် ဖွံ့စည်းရေး၊ ကရင်လူထု ကောင်းစားရေးဆိုတာတွေကို ပါးစပ်က အမြှုပ် ထွက်မတတ် ကြွေးကြော်နေပေမယ့် လက်တွေ့မှာတော့ စစ်ဘုရင်ဝါဒနဲ့ တစ်ဗိုလ်တစ်မင်းကျင့်သုံးပြီး ကရင်အပါအဝင် ဒေသခံလူထုတွေကို ငြိုးသူရန်ဘက်ပမာ ရက်ရက်စက်စက် ပြုကျင့် ဗိုလ်ကျခဲ့ကြတယ်လေ။**

**ဒီနေ့ အခြေအနေမှာ နယ်စပ်တစ်လျှောက် KNU အမာခံစခန်းကြီးတွေလဲ တပ်မတော်က သိမ်းပိုက်ပြီးဖြစ်လို့ တစ်ခုမှ မရှိတော့ဘူး။ ဒီတော့ တစ်ဖက်နိုင်ငံမှာပဲ So called Refugee Camp ဆိုတဲ့ စခန်းတွေမှာ ပြည်ပအရိပ်ခိုပြီး ကိုယ့်စခန်းကိုယ်ပြစားရတဲ့ဘဝ ရောက်နေကြရတော့ တာပေါ့။**

**KN**
**အလွတ်သဝ**
**လေးကြိမ်း**
**ကောက်နေ**
**မပြောင်ခဲ့ဘူ**
**ကနေခွဲထွက်**
**ဝင်ရောက်လ**
**ခြောက်ဖွဲ့ဝ**

# တကယ်တည်ငြိမ်အေးချမ်းစေချင်ပါသလား (၂)

ဗိုလ်အောင်သန်းနဲ့ အင်အား၅၀ခန့်ဟာ မြောင်းမြခရိုင်မှာရှိတဲ့ လမ်းသမိုင် ရွာထဲကိုဝင်လာတော့ အဲဒီရွာမှာ တပ်မတော်စခန်းမရှိပေမယ့် ရွာသူရွာသားတွေက ရရာ ဓားလှံဝါးချွန်စတာတွေ အသီးသီးကိုင်စွဲပြီး နာကြည်းခံပြင်းမှုအပြည့်နဲ့ တိုက်ခိုက် မောင်းထုတ်ခဲ့ကြလို့ KNU တွေ ထွက်ပြေးခဲ့ကြရပါရောလား။

နောက်ဆုံးတော့ **KNU ဟာ ဒေသခံလူထုရဲ့ ထောက်ခံမှုလုံးဝဆုံးရှုံးပြီး မြစ်ဝကျွန်းပေါ်ဒေသက ခွေးပြေးဝက်ပြေး ပြေးခဲ့ရတယ်လေ။ ကရင်အပါအဝင် ဒေသခံပြည်သူတွေဟာ ၁၉၆၉၊ ၁၉၇၀၊ ၁၉၇၁ သုံးနှစ် အတွင်းမှာ တပ်မတော်နဲ့ပူးပေါင်းပြီး ရွှေလင်းယုန်၊ မိုးဟိန်း၊ သိလ္လာစတဲ့ စစ်ဆင်ရေးကြီးတွေ ဆင်နွှဲခဲ့ကြတယ်။ ပြည်သူတွေကိုယ်တိုင်ပါဝင်တဲ့ ပြည်သူ့စစ် မဟာဗျူဟာနဲ့ ဖြတ်လေးဖြတ်နည်းဗျူဟာတွေကြောင့် KNU တွေဟာ မြစ်ဝကျွန်းပေါ်ဒေသကို စွန့်လွှတ်ပြီး ကရင်ပြည်နယ် တစ်ဖက်နိုင်ငံနယ်စပ်ကို ရောက်သွားခဲ့ရတာပေါ့။**

**စိုးမြကျော်** – ကျွန်တော်တော့ အဲဒီနယ်စပ်ရောက်သွားမှ ပိုဆိုးသွားတယ်ထင်တာပဲ။ အဲဒီနောက်ပိုင်းကိစ္စတွေက ကျွန်တော်တို့လဲ သိသင့်သလောက် သိလာပြီလေ။

**ကြီးကြီးမြ** – ဒါဆို မောင်ကျော်ကပဲ တစ်လှည့်ပြောပါဦးလားကွယ်။ ကြီးကြီးတို့ နားထောင်ရတာပေါ့။

**စိုးမြကျော်** – ဟုတ်ကဲ့ ကြီးကြီး။ **KNU ဟာ ကရင်လူထုကောင်းစားရေး ကြွေးကြော်နေပေမယ့် လက်တွေ့မှာတော့ နယ်စပ်တစ်လျှောက်မှာ အခိုင်အမာစခန်းကြီးတွေဆောက်ပြီး ဗိုလ်ကျမင်းမူဖို့ ကြိုးစားခဲ့တယ်လေ။ ကိုယ့်ပြည်နယ်၊ ကိုယ့်လူမျိုး ကောင်းစားရေးအတွက် ဘာတစ်ခုမှ လုပ်မပေးနိုင်ခဲ့ပေမယ့် သိတဲ့အတိုင်း ကျေးရွာတွေမှာ ဆက်ကြေးတောင်းတယ်၊ အခွန်ကောက်တယ်။ တစ်ဖက်က ကျောက်မျက်နဲ့ ကျွန်းသစ်တွေ ခိုးထုတ်ရောင်းစားတယ်။ နိုင်ငံခြားငွေရရှိဖို့ ဒုက္ခသည်စခန်းတွေကို အယောင်ပြပြီး ငွေတောင်းတယ်။** ဒါတွေပဲမဟုတ်လား ဘကြီး။

**ဘကြီးစိုး** – ဒါပေါ့ မောင်ကျော်ရာ။ **နိုင်ငံကြီးတွေရဲ့ ပေးစာကမ်းစာ၊ ထောက်ပံ့စာယူပြီးတော့ ပြည်ပသြဇာခံဘဝ ကျရောက်ခဲ့တဲ့ KNU ဟာ ကရင်ပြည်နယ်ကိုချစ်သလား၊ ကရင်လူထုကို ချစ်သလား မေးနေစရာတောင် မလိုတော့ပါဘူး။ ဒါပေမယ့် KNU ခေါင်းဆောင်ပိုင်းကတော့ ထိုင်းနိုင်ငံမှာပဲ အခြေချပြီး စီးပွားရေးလုပ်တယ်။ မျောက်ပြဆန်တောင်းပြီး ရတဲ့ဒေါ်လာတွေနဲ့ ထိုင်းနိုင်ငံမှာ အိမ်တွေ၊ တိုက်တွေဝယ်တယ်၊ ကားတွေဝယ်တယ်။ သူတို့သားသမီးတွေကိုလဲ နိုင်ငံခြားလွှတ်ပြီး ပညာကောင်းကောင်းသင်စေတယ်။ အောက်ခြေရဲဘော်တွေနဲ့ ဒေသခံတွေရဲ့ ဒုက္ခတွေကိုတော့ မသိချင်ယောင်ဆောင် နေခဲ့ကြတယ်။ ကရင်လူမျိုး ဒုက္ခသည် စခန်းတွေကို လက်ညှိုးထိုးပြပြီး တောင်းလို့ ရမ်းလို့ရသမျှ ဒေါ်လာတွေနဲ့ ကျောင်းတစ်ကျောင်း ဆောက်ပေးခဲ့ဖူးသလား၊ ဆေးရုံတစ်ရုံ ဖွင့်ပေးနိုင်ခဲ့ဖူးသလား၊ ယုတ်စွအဆုံး လမ်းတစ်လမ်းကော ဖောက်ပေးနိုင်ခဲ့ဖူးသလား၊ ဒါတွေဟာ KNU ကျဆုံးရခြင်းရဲ့ အခြေခံအကြောင်းတွေပါပဲကွာ။**

**စိုးမြကျော်** – ဒါအမှန်ဆုံးပါပဲခင်ဗျာ။ နောက်ဆုံးတော့ ဘယ်သူမပြု မိမိမှုပါပဲ။

**ကြီးကြီးမြ** – ဒါတင်ဘယ်ကပါ့မလဲ မောင်ကျော်ရယ်။ တပ်မတော်အစိုးရက Gentleman Agreement နဲ့ ငြိမ်းချမ်းရေး တံခါးဖွင့်ထားပေးခဲ့တာကိုလဲ KNU က အခွင့်ကောင်းကို ရအောင်မယူနိုင်ခဲ့ဘူးလေ။ ဟုတ်တယ်နော် ကိုစိုး။

**ဘကြီးစိုး** – အဲဒီအကြောင်း ဆက်ပြောရဦးမယ်။ ၁၉၈၈ခုနှစ်မှာ နိုင်ငံတော်တာဝန်ယူခဲ့ရတဲ့ တပ်မတော်အစိုးရဟာ နယ်ချဲ့ရဲ့ ဆိုးမွေဖြစ်တဲ့ နှစ်ပေါင်း၄၀ကြာ ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစားခဲ့တယ်လေ။ အဲဒီအချိန်တုန်းက တပ်မတော်ဟာ စစ်ရေးအရ အသာစီးရနေပေမယ့် အမျိုးသားပြန်လည် စည်းလုံး ညီညွတ်ရေးကို ဖော်ဆောင်လိုတဲ့ စေတနာအရင်းခံနဲ့ ၂၈-၄-၁၉၉၂ရက်နေ့မှာ KNU ကို ထိုးစစ်ဆင်မှု ရပ်ဆိုင်းကြောင်း ကြေညာပြီး ကရင်ပြည်နယ် အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စစ်ဆင်ရေးများ တစ်ဖက်သတ် ရပ်ဆိုင်းပေးခဲ့တယ်။ ဒါကြောင့် တပ်မတော်ရဲ့ စိတ်ရင်းစေတနာအမှန်နဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုကို လက်ခံယုံကြည်ပြီး လူမျိုးစွဲ၊ ဝါဒစွဲ၊ ပြည်ပအစွဲကင်းတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နဲ့ အခြားအဖွဲ့ငယ်တွေဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီးဖြစ်တယ်ဆိုတာ မောင်ကျော်တို့လဲသိမှာပါ။

**စိုးမြကျော်** – သိပါတယ်ဘကြီးခင်ဗျာ။ **ပြည်ပစွဲ၊ လူမျိုးစွဲတွေကြောင့် လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်သေးတဲ့ သောင်းကျန်းသူဆိုလို့ KNU လက်ကျန်အဖွဲ့၊ KNPP ပြန်ဝင်အဖွဲ့နဲ့ SSA-S ရှက်ဆစ်အဖွဲ့တို့လောက်ပဲ ကျန်ပါတော့တယ်။**

**ဘကြီးစိုး** – **ဒီအဖွဲ့တွေကလဲ ပြည်တွင်းမှာ ရပ်တည်နိုင်စွမ်း မရှိတော့လို့ မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက်မှာ ခိုကပ်နေရတဲ့ဘဝ ရောက်နေပါပြီ။ အထူးသဖြင့် တစ်ဖက်နိုင်ငံမှာ ဒုက္ခသည်စခန်းလို့ အမည်ခံထားတဲ့ စခန်းတွေမှာ အခြေပြုနေထိုင်ပြီး တို့ပြည်ထဲကိုတော့ ပြောက်ကျားစနစ်နဲ့ တစ်ခါတစ်ခါ ဝင်ရောက်နှောင့်ယှက်နေကြတယ်လေ။ တစ်နိုင်ငံလုံးမှာ အဲဒီသောင်းကျန်းသူတွေနဲ့ ဆက်စပ်နေတဲ့ နယ်စပ်ဒေသ အနည်းအကျဉ်းလောက်ပဲ မတည်ငြိမ်၊ မဖွံ့ဖြိုး၊ မတိုးတက်ဘဲ ကျန်ရစ်ခဲ့တာဆိုတော့ အဲဒီဒေသခံလူထုက ဒီသောင်းကျန်းသူတွေကို စိတ်မနာဘဲနေပါ့မလား မောင်ကျော်ရယ်။**

**တကယ်တော့ ငြိမ်းချမ်းရေးတည်ဆောက်ပြီးတဲ့ ကရင်အဖွဲ့ခြောက်ဖွဲ့စလုံးကိုတောင် KNU က သွေးထိုးနှောင့်ယှက် စည်းရုံးပြီး လက်နက်ပြန်ကိုင်ဖို့ ဆွယ်တရား ဟောနေတာတွေ မှတ်တမ်းမှတ်ရာ အထိအကျရှိတယ်။ အဖျက်သမားကတော့ ဖျက်အောင် ဘယ်လိုဖျက်ရမလဲဆိုတာပဲ စဉ်းစားနေတာ မဟုတ်လား။**

**စိုးမြကျော်** – ဟုတ်တယ် ဘကြီး။ **ဒီနေ့ အခြေအနေမှာ နယ်စပ်တစ်လျှောက် KNU အမာခံစခန်းကြီးတွေလဲ တပ်မတော်က သိမ်းပိုက်ပြီးဖြစ်လို့ တစ်ခုမှမရှိတော့ဘူး။ ဒီတော့ တစ်ဖက်နိုင်ငံမှာပဲ So called Refugee Camp ဆိုတဲ့ စခန်းတွေမှာ ပြည်ပအရိပ်ခိုပြီး ကိုယ့်စခန်းကိုယ်ပြစားရတဲ့ဘဝ ရောက်နေကြရတော့တာပေါ့။**

**ကြီးကြီးမြ** – သူတို့မိုက်လုံးကြီးတာတော့ ပြောမနေနဲ့ မောင်ကျော်ရေ။ ကောင်းစေချင်လို့ နတ်ပြည်တင်၊ မြင့်တယ်ထင်ပြီး ခုန်ချဆိုတာ သူတို့တွေပေါ့။

**ဘကြီးစိုး** – အဲဒီလိုလဲ သိမ်းကျုံးပြောလို့ မရဘူးလေ။ **KNU ဟာ ၁၉၉၅ ခုနှစ်ကစပြီး တပ်မတော်နဲ့ အလွတ်သဘော သုံးကြိမ်ဆွေးနွေးခဲ့တယ်။ တရားဝင် လေးကြိမ်ဆွေးနွေးခဲ့တယ်။ ဒါပေမယ့် သူတို့ဘက်က ကောက်နေတာကို အလျှော့မပေးနိုင်တော့ တွင်းဝင်မဖြောင့်ခဲ့ဘူးဆိုရမှာပေါ့ကွယ်။ ဒါပေမယ့်လဲ KNU ကနေ ခွဲထွက်ပြီး တစ်ဖွဲ့ချင်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတာ အခုဆိုရင် အစုအဖွဲ့ပေါင်း ခြောက်ဖွဲ့တောင် ရှိခဲ့ပြီလေ။**

ပထမဦးဆုံး အဖွဲ့ကတော့ ဦးသာထူးကျော်ခေါင်းဆောင်တဲ့ DKBA အဖွဲ့ ဖြစ်ပြီး ၂၁-၁၂-၁၉၉၀ရက်နေ့မှာ အဖွဲ့ဝင်အင်အား ၅၀၀၀ကျော်နဲ့ KNU က ခွဲထွက်လာပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့တာဖြစ်တယ်။ ဒုတိယအဖွဲ့က ဦးစောသမူဟဲ ခေါင်းဆောင်တဲ့ KNU တပ်မဟာ(၆) တပ်ရင်း(၁၆)ဖြစ်ပြီး ၂၄-၂-၁၉၉၇ ရက်နေ့မှာ တပ်ဖွဲ့ဝင် ငါးရာနီးပါးက လက်နက်မျိုးစုံ သုံးရာနီးပါးနဲ့ လက်နက်နဲ့ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြပြန်တယ်။

**စိုးမြကျော်** – ဒါဆို တတိယအဖွဲ့က ဦးစောဖယ်ရီမိုးအဖွဲ့ ထင်တယ်နော် ဘကြီး။

**ဘကြီးစိုး** – အေး… ဟုတ်တာပေါ့ကွယ်။ ၈-၁၁-၁၉၉၇ ရက်နေ့မှာ သံတောင်ဒေသ KNU တပ်မဟာ(၂)က ဦးစောဖယ်ရီမိုး ခေါင်းဆောင်တဲ့ တပ်ဖွဲ့ဝင် တစ်ရာကျော်ဟာ လက်နက်မျိုးစုံ အများအပြားနဲ့ လက်နက်နဲ့ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာခဲ့ကြတယ်။ အဲဒီနောက်မှာတော့ ၁၇-၄-၁၉၉၈ရက်နေ့မှာ တပ်ဖွဲ့ဝင်နှစ်ရာကျော်၊ လက်နက်မျိုးစုံ အများအပြားနဲ့ KNU ဗဟိုကော်မတီဝင် ဖဒိုအောင်ဆန်း ဦးဆောင်တဲ့အဖွဲ့၊ ၁၀-၁၁-၁၉၉၉ ရက်နေ့မှာတော့ တပ်ဖွဲ့ဝင် တစ်ရာနီးပါး၊ လက်နက်မျိုးစုံ အများအပြားနဲ့ KNU တပ်မဟာ(၂) အထူးဒေသ တာဝန်ခံ ဦးကိုကြီး ခေါင်းဆောင်တဲ့အဖွဲ့တွေဟာ ဆက်တိုက်ဆိုသလို လက်နက်နဲ့ငြိမ်းချမ်းရေး လဲလှယ် ဝင်ရောက်လာခဲ့ကြပြန်တယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

**KNU ဟာ ၁၉၉၅ ခုနှစ်ကစပြီး တပ်မတော်နဲ့ အလွတ်သဘော သုံးကြိမ်ဆွေးနွေးခဲ့တယ်။ တရားဝင် လေးကြိမ်ဆွေးနွေးခဲ့တယ်။ ဒါပေမယ့် သူတို့ဘက်က ကောက်နေတာကို အလျှော့မပေးနိုင်တော့ တွင်းဝင် မဖြောင့်ခဲ့ဘူး ဆိုရမှာပေါ့ကွယ်။ ဒါပေမယ့်လဲ KNU ကနေခွဲထွက်ပြီး တစ်ဖွဲ့ချင်းတရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတာ အခုဆိုရင် အစုအဖွဲ့ပေါင်း ခြောက်ဖွဲ့တောင် ရှိခဲ့ပြီလေ။**

**နိုင်ငံတော်နဲ့ KNU တို့ရဲ့ ငြိမ်းချမ်းရေး တည်ဆောက်မှုဟာ ကနဦးအကြိမ်တွေမှာ အောင်မြင်လုနီးပါး အဆင့်ကို ရောက်ခဲ့ပေမယ့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်း သွားရင် မြန်မာ့နိုင်ငံရေးကို ကစားဖို့ ခုတုံးလုပ်စရာ လက်ကိုင်တုတ်မရှိတော့မှာ စိုးရိမ်တဲ့ အနောက်ဆရာကြီး တွေက ဝင်ဝင်စွက်ဖက်နှောင့်ယှက်နေတာနဲ့ အောင်မြင်ပြီးမြောက်တဲ့အဆင့်ကို မရောက်နိုင်ခဲ့ဘူး ဆိုရမှာပေါ့။**

စာမျက်နှာ ၉ ဆောင်းပါးမှ အဆက်

**ကြီးကြီးမြ** – ဒါဆို နောက်ဆုံးတစ်ဖွဲ့ကတော့ ဗိုလ်ချုပ်ဌေးမောင်တို့ အဖွဲ့ပေါ့နော် ကိုစိုး။

**ဘကြီးစိုး** – မှန်တယ် မြရေ၊ **နောက်ဆုံးဝင်ရောက်လာတဲ့ အဖွဲ့ကတော့ ၁၁-၂-၂၀၀၇ ရက်နေ့မှ ငြိမ်းချမ်းရေးရယူခဲ့တဲ့ KNU/ KNLAငြိမ်းချမ်းရေးကောင်စီပဲဖြစ်တယ်။ အဲဒီအဖွဲ့ကိုတော့ တပ်မဟာ(၇)တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်က ခေါင်းဆောင်ပြီး စုစုပေါင်းအင်အား သုံးရာကျော်ပါဝင်ခဲ့တယ်လေ။ ခုဆိုရင် ဒီကရင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေဟာ သူတို့အခြေစိုက်တဲ့ ဒေသတွေနဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို တပ်မတော်အစိုးရနဲ့အတူ လက်တွဲ လုပ်ဆောင်နေကြပြီ။ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကိုလဲ အသီးသီးအသက အသက ရရှိခံစားနိုင်နေကြပြီ။ အရင် KNU တွေ မင်းမူကြီးစိုးနေတုန်းက ဘဝတွေနဲ့စာရင်တော့ အများကြီး ဖွံ့ဖြိုးတိုးတက်ခဲ့ပြီပေါ့ကွာ။ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ ဆက်သွယ်ရေးစခန်းတွေ၊ လမ်းတံတားတွေနဲ့ စိုက်ပျိုးမွေးမြူရေး အခြေခံပြီး စီးပွားရေး၊ လူမှုရေးဘဝတွေမြင့်ကုန်ကြပြီး မောင်ကျော်ရဲ့။ တကယ့်ကို သူတို့အတွက် ဝမ်းမြောက်စရာပဲပေါ့ကွာ။**

**ကြီးကြီးမြ** – ဒါပေမယ့် လက်ကျန် KNU တွေက အခဲမကျေနိုင်ဘဲ ငြိမ်းချမ်းရေးအဖွဲ့တွေကို လာပြီး ပစ်တာ ခတ်တာ တိုက်ခိုက်တာတွေ ရှိသေးတယ်လေ ကိုစိုးရဲ့။ မောင်ကျော်တို့ သိအောင် လင်းစမ်းပါဦး။

**ဘကြီးစိုး** – အေးပါကွာ၊ ကိုယ်လဲ အဲဒါပြောမလို့ပါပဲ။ မောင်ကျော်ရေ…ငြိမ်းချမ်းရေးတည်ဆောက်ခဲ့တဲ့ အဖွဲ့တွေကိုတောင် KNUလက်ကျန်တွေက အလွတ်ပေးတာ မဟုတ်ဘူးကွ။ ဦးစောသမူဟဲတို့ ဟောင်သရောဒေသဆိုရင် ငြိမ်းချမ်းရေးယူပြီးမှ KNU တွေ လာပစ်တာ အကြိမ်ပေါင်း ၂၂ကြိမ်တောင်ရှိခဲ့တယ်ဆိုပဲ။ KNU တပ်ရင်း(၈) ကြည်လင်းခေါင်းဆောင်တဲ့အဖွဲ့တွေ လာပစ်ကြတော့ ဦးစောသမူဟဲရဲ့ သမီးနှစ်ယောက်၊ မြေးနှစ်ယောက်နဲ့ ယောက်ဖကျောင်းဆရာ အငြိမ်းစားတစ်ယောက် ဆုံးသွားခဲ့တယ်လေ။ သမီးအငယ်ဆုံးက ကျည်သင့်ပြီး လက်တစ်ဖက်ဖြတ်ခဲ့ရတယ်။ အငြိုးအတေး ကြီးပြီး ကျင်းတူးမိုက်တဲ့ KNU လို့ပဲ သတ်မှတ်ရတော့မှာပေါ့ကွယ်။

**စိုးမြကျော်** – ကျန်တဲ့အဖွဲ့တွေကိုလဲ ပစ်တာ ခတ်တာတွေ ရှိမှာပေါ့နော် ဘကြီး။

**ဘကြီးစိုး** – ရှိတာပေါ့ကွယ်။ DKBA ဆိုရင်လဲ သူတို့ဘက်သားမဟုတ်လေတော့ DKBA ရဲ့ ယာဉ်တန်းကို ချောင်းပစ်ရတာနဲ့၊ ချုံခိုတိုက်ရတာနဲ့ ကိုယ့်တိုင်းရင်းသား အချင်းချင်းတောင် ရက်ရက်စက်စက် လုပ်ခဲ့ကြတာပဲ။ ဒါ့အပြင် ဥပဒေဘောင်အတွင်း ဝင်ရောက်ဖို့ ကြိုးစားတဲ့ အဖွဲ့တွေကိုလဲ ပြည်ပနိုင်ငံနဲ့ပေါင်းပြီး နည်းအမျိုးမျိုးနဲ့ ဥပဒေဘောင်အတွင်း မဝင်ဖြစ်အောင် လုပ်ခဲ့ကြတာတွေလဲ အများကြီးပေါ့။ သိရသလောက်ဆိုရင် ဖဒိုအောင်ဆန်းကိုတောင် လက်နက်နဲ့ ငြိမ်းချမ်းရေး မလဲလှယ်မီ အမေရိကန်ကိုခေါ်ပြီး KNU ရဲ့ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်အဖြစ်နဲ့ နေဖို့ စည်းရုံးခဲ့ကြသေးဆိုကိုး။

**ကြီးကြီးမြ** – ဗိုလ်ချုပ်ဌေးမောင်တို့ ဝင်လာတုန်းကလဲ တားတာ ဆီးတာတွေ ရှိသေးတယ်ဆို။

**ဘကြီးစိုး** – အစစ်ပေါ့ဗျာ။ ဗိုလ်ချုပ်ဌေးမောင်တို့ ဝင်လာတုန်းကလဲ တားတာ ဆီးတာတွေ ရှိခဲ့တာပဲ။ KNUတပ်မဟာ (၇) အင်အားအများစုက တစ်ဖက်နိုင်ငံမှာရှိတဲ့ ဘဲကလော့ စခန်းမှာ နေကြတာလေ။ ပြောရရင်တော့ အဲဒီ ဘဲကလော့ စခန်း ဆိုတာကိုက ဒုက္ခသည်အမည်ခံ စခန်းတစ်ခုပဲကွယ့်။ အဲဒီ စခန်းမှာရှိတဲ့ ဗိုလ်ချုပ်ဌေးမောင်ရဲ့ အဖွဲ့တွေကလဲ သူနဲ့အတူ ဝင်လာချင်ကြတယ်။ ဒါကြောင့် မူလဝင်မယ်လုပ်တုန်းက တပ်မဟာ(၇)တစ်ခုလုံးနဲ့ ဗဟိုလုံခြုံရေးတပ်တွေ အပါအဝင် ထုနဲ့ထည်နဲ့ဝင်လာဖို့ဖြစ်ပေမယ့် KNUဗဟိုက ဖဒိုမန်းရှာနဲ့အဖွဲ့က အကျပ်ကိုင်ပိတ်ဆို့ခဲ့တာကြောင့် မှန်းသလောက် ဝင်မလာနိုင်ခဲ့ရှာဘူး။ ဗိုလ်ချုပ်ဌေးမောင်ရဲ့လက်အောက်မှာရှိတဲ့ တပည့်ကျော်နီကို ရာထူးတွေပေး၊ အခြားခေါင်းဆောင်တွေကို အကျပ်ကိုင်၊ ပြည်ပအဖွဲ့အစည်းတွေကလဲ ဝင်မသွားဖို့ ပေးကမ်းမြူဆွယ်တာတွေ၊ တားဆီးပိတ်ဆို့တာတွေ လုပ်ခဲ့ကြတာကြောင့် အဖွဲ့အတော်များများဟာ KNU နယ်မြေထဲက ဖောက်မထွက်နိုင်ဘဲ ကျန်ခဲ့ကြရတယ်လေ။

**ကြီးကြီးမြ** – ဒီလောက်တောင်ပဲလား ကိုစိုးရယ်။ တကယ်လို့ အခုလို ဖိအားပေးမှု၊ အနှောင့်အယှက်ပေးမှု၊ ဟန့်တားမှုတွေ မရှိဘူးဆိုရင် နောက်ထပ် တပ်ဖွဲ့ဝင်တွေ အများကြီးလာပြီး ပူးပေါင်းကြဦးမယ့် အခြေအနေ ရှိသေးတာပေါ့နော်။

**ဘကြီးစိုး** – ဒါဘာဟုတ်သေးလဲမြရယ်၊ **တကယ်တော့ ငြိမ်းချမ်းရေးတည်ဆောက်ပြီးတဲ့ ကရင်အဖွဲ့ ခြောက်ဖွဲ့စလုံးကိုတောင် KNU က သွေးထိုးနှောင့်ယှက် စည်းရုံးပြီး လက်နက်ပြန်ကိုင်ဖို့ ဆွယ်တရားဟောနေတာတွေ မှတ်တမ်းမှတ်ရာ အတိအကျရှိတယ်။ အဖျက်သမားကတော့ ပျက်အောင်ဘယ်လိုဖျက်ရမလဲဆိုတာပဲ စဉ်းစားနေတာမဟုတ်လား။**

**စိုးမြကျော်** – အဖျက်လုပ်ရပ်ပဲ စဉ်းစားနေတယ်ဆိုပေမယ့် ဒီနေ့ KNU လက်ကျန်အင်အားက ဒီလောက်မဟုတ်တော့ဘူး ထင်ပါတယ် ဘကြီးရယ်။

**ဘကြီးစိုး** – **ရှင်းရှင်းပြောရရင် ဒီနေ့ပြည်ပအသံလွှင့်ဌာနတွေက ကြီးကြီးကျယ်ကျယ် အသံလွှင့်ကြော်ငြာပေးနေတဲ့ KNU ဆိုတာ လက်ကျန်အင်အား ၃၅၀၀တောင် မပြည့်တော့ဘူး မောင်ကျော်ရဲ့။**

**စိုးမြကျော်** – တပ်မတော်အစိုးရအနေနဲ့ကတော့ အဲဒီလက်ကျန် KNU အဖွဲ့ကိုလဲ အခြားဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ လက်နက်ကိုင်အဖွဲ့တွေလိုပဲ Gentleman Agreement နဲ့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်မြဲဖွင့်ထားလျက်ရှိတယ် မဟုတ်လား ဘကြီးရဲ့။

**ဘကြီးစိုး** – ငြိမ်းချမ်းရေးတံခါးကတော့ ဖွင့်မြဲဖွင့်ထားလျက်ပါဗျာ။ **နိုင်ငံတော်နဲ့ KNU တို့ရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဟာ ကနဦးအကြိမ်တွေမှာ အောင်မြင်လုနီးပါးအဆင့်ကို ရောက်ခဲ့ပေမယ့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းသွားရင် မြန်မာ့နိုင်ငံရေးကို ကစားဖို့ ခုတုံးလုပ်စရာလက်ကိုင်တုတ်မရှိတော့မှာ စိုးရိမ်တဲ့ အနောက်ဆရာကြီးတွေက ဝင်ဝင်စွက်ဖက်နှောင့်ယှက်နေတာနဲ့ အောင်မြင်ပြီးမြောက်တဲ့ အဆင့်ကို မရောက်နိုင်ခဲ့ဘူး ဆိုရမှာပေါ့။**

**ကြီးကြီးမြ** – **အင်အား ၃၅၀၀ဆိုတာ တကယ်တမ်းကျတော့ လက်တစ်ဆုပ်စာပဲ ရှိတော့တာပေါ့နော်။ ဒီလက်တစ်ဆုပ်စာကရော ကရင်လူထုကို ကိုယ်စားပြုနိုင်ပါဦးမလား။**

**ဘကြီးစိုး** – **အရင်အင်အားများတုန်းကလဲ ကရင်လူထုကို ကိုယ်စားမပြုဘူး၊ အခုလဲ ကိုယ်စားမပြုပါဘူး မြရယ်။ လက်ရှိအခြေအနေကို ဆန်းစစ်ကြည့်ရင်လဲ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ကရင်တိုင်းရင်းသားဦးရေက သုံးသန်းခွဲဆိုတော့ အချိုးချကြည့်မယ်ဆိုရင် KNU ဆိုတာ ၀ ဒသမ ၁ ရာခိုင်နှုန်းပဲ ရှိတယ်လေ။ ဒါကြောင့် လက်တစ်ဆုပ်စာ KNU ဟာ ကရင်တိုင်းရင်းသားထုကို ကိုယ်စားပြုခြင်းမရှိသလို ကရင်တိုင်းရင်းသားတွေကလဲ KNU ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မမှတ်ကြတော့ပါဘူး။ KNU က သပ်သပ်၊ ကရင်တိုင်းရင်းသားက သပ်သပ် ရပ်တည်မှု တခြားစီပါကွာ။**

**စိုးမြကျော်** – KNU ရဲ့ လက်ရှိအခြေအနေကိုတော့ ကောင်းကောင်းသဘောပေါက်ပါပြီ ဘကြီး။ ဒါဆို ကျွန်တော်တို့ စကားဝိုင်းစခဲ့တဲ့ တပ်မတော်ရဲ့ ထိုးစစ်တွေကြောင့် ဒုက္ခသည်စခန်းတွေ ထပ်ဖွင့်နေရပါတယ်ဆိုတဲ့ကိစ္စ ပြန်ကောက်လို့ ရနိုင်လောက်ပြီထင်ပါရဲ့။

**ကြီးကြီးမြ** – ဟုတ်တယ် ကိုစိုး၊ အဓိက စခဲ့တဲ့အကြောင်းက အဲဒီကိစ္စလေ။ ဒုက္ခသည်စခန်းဆိုတာလေး ဆက်လိုက်ကြရအောင်နော်။

**ဘကြီးစိုး** – အင်း… ဆက်တာကတော့ ဟုတ်ပါပြီ။ စကားပြောလို့ကလဲ ကောင်းပါတယ်။ ဒါပေမယ့် အားရပါးရပြောနေဆိုနေ ဆွေးနွေးနေရလို့များ အစာကြေလွယ်နေသလားမသိဘူး။ ဗိုက်ထဲ ဟာလာပြန်ပြီ မြရေ။ မောင်ကျော်လဲ အားနာလို့ မပြောရင်သာရှိရမယ် ဗိုလ်ဆာလောက်ရောပေါ့။

**ကြီးကြီးမြ** – ဟုတ်ပါရဲ့ကိုစိုးရယ်။ ကိုစိုးပြောမှပဲ ထမင်းစားချိန်ရောက်တာ သတိထားမိတော့တယ်။ ကဲ…မောင်ကျော်ရေ၊ ထမင်းစားကြရအောင်ဟေ့။

**စိုးမြကျော်** – ဟုတ်ကဲ့ ကြီးကြီး၊ ကျွန်တော် ကြီးကြီးကို ဝိုင်းကူပေးပါ့မယ်ခင်ဗျာ။

**ဘကြီးစိုး** – အေး…ဒါဆိုလဲ ထမင်းစားပြီးမှ ဆက်ကြတာပေါ့ကွာ။ ။

# KNU ဟာ ကရင်လူထုကို ကိုယ်စားပြုခြင်းမရှိ

* ဒီနေ့ပြည်ပအသံလွှင့်ဌာနတွေက ကြီးကြီးကျယ်ကျယ် အသံလွှင့်ကြော်ငြာပေးနေတဲ့ KNU ဆိုတာ လက်ကျန်အင်အား ၃၅၀၀တောင် မပြည့်တော့ဘူး မောင်ကျော်ရဲ့။
* အင်အား ၃၅၀၀ဆိုတာ တကယ်တမ်းကျတော့ လက်တစ်ဆုပ်စာပဲ ရှိတော့တာပေါ့နော်။ ဒီလက်တစ်ဆုပ်စာကရော ကရင်လူထုကို ကိုယ်စားပြုနိုင်ပါဦးမလား။
* အရင်အင်အားများတုန်းကလဲ ကရင်လူထုကို ကိုယ်စားမပြုဘူး၊ အခုလဲ ကိုယ်စားမပြုပါဘူး မြရယ်။ လက်ရှိအခြေအနေကို ဆန်းစစ်ကြည့်ရင်လဲ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ကရင်တိုင်းရင်းသားဦးရေက သုံးသန်းခွဲဆိုတော့ အချိုးချကြည့်မယ်ဆိုရင် KNU ဆိုတာ ၀ ဒသမ ၁ ရာခိုင်နှုန်းပဲ ရှိတယ်လေ။

28-7 (10) 1 7/28/07, 2:04 AM

# နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားတို့ ပူးပေါင်းတည်ဆောက်မည်

ဆိုးလ် ဇူလိုင် ၂၇

**အင်ဒိုနီးရှားနိုင်ငံမှ မက်ကိုအင်နာဂျီအင်တာနေရှင်နယ်လုပ်ငန်းနှင့် တောင်ကိုရီးယားနိုင်ငံမှ ဟိုက်ဒရိုနှင့် နျူကလီးယား စွမ်းအင်လုပ်ငန်းတို့အနေဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် နျူကလီးယားစွမ်းအင်သုံး စက်ရုံတစ်ခုတည်ဆောက်ရန် ပဏာမ သဘောတူညီချက် စာချုပ်တစ်ရပ်ကို ဇူလိုင် ၂၅ရက်က လက်မှတ်ရေးထိုးလိုက်ကြသည်။**

အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနို အနေဖြင့် တောင်ကိုရီးယားနိုင်ငံသို့ သုံးရက်ကြာ အလည်အပတ် ခရီးသွားရောက်စဉ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ဘီလီယံ တန်ဖိုးရှိသော နျူကလီးယား စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား စွမ်းအင်လုပ်ငန်းများက သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။

**ပြောကြား**

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင် ရရှိရေး အကောင်အထည်ပေါ်လာတော့မည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပသည့် စွမ်းအင်ဆိုင်ရာ အစည်းအဝေး၌ အင်ဒိုနီးရှား စွမ်းအင်ဝန်ကြီး ပူရာနိုမိုယူစဂန်တိုရိုက ပြောကြားသည်။

**ဆန္ဒရှိ**

မိမိတို့အနေဖြင့် ၂၀၁၆ခုနှစ်တွင် ပထမဆုံး နျူကလီးယားစက်ရုံကို တည်ဆောက်ရန် ဆန္ဒရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသားနျူကလီးယားအေဂျင်စီမှ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

**ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် ဂီတပဒေသာကပွဲ၌ ပါဝင်ကပြမည့် ဘဲလေးအကမယ်များ ဓာတ်တိုက်လေ့ကျင့်နေသည်ကို ဇူလိုင်၂၅ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# အာတိတ် သမုဒ္ဒရာကြမ်းပြင် ရုရှားစူးစမ်းလေ့လာမည်

လန်ဒန် ဇူလိုင် ၂၇

မြောက်ဝင်ရိုးစွန်းရှိ အာတိတ်သမုဒ္ဒရာကြမ်းပြင် စူးစမ်းလေ့လာရေးနှင့် အာတိတ်စက်ဝိုင်းဒေသ **(အောက်ပုံ)** ပိုင်ဆိုင်မှုအထောက်အထား ရှာဖွေရေးတို့အတွက် ရုရှားနိုင်ငံသည် ရေငုပ်သင်္ဘောငယ်တစ်စင်း စေလွှတ်မည်ဖြစ်သည်။

ဇူလိုင် ၂၂ရက်တွင် အာတိတ်သမုဒ္ဒရာအောက် မီတာ ၄၂၀၀အထိ ငုပ်လျှိုးစူးစမ်းမည့် အဖွဲ့၌ ရုရှားသုတေသီ အာတာချီလင်ဂါရော့ဗ် အပါအဝင် ရုရှားအောက်လွှတ်တော် အမတ်နှစ်ဦးပါဝင်သည်။ ရေငုပ်သင်္ဘောငယ်သည် ဘာရင့်ပင်လယ် မားမန့်ဆိပ်ကမ်းမှ ထွက်ခွာမည့် နျူကလီးယားဓာတ်အားသုံး ရေခဲခွဲ သင်္ဘောနောက်မှ လိုက်ပါသွားရမည် ဖြစ်သည်။

ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုသိုက်များရှိသည်ဟုယူဆရသည့် အာတိတ်ဒေသ၌ ရုရှားက နယ်မြေများစွာပိုင်ဆိုင်ကြောင်း ကြေညာထားသည်။ အမေရိကန်အပါအဝင် အခြားအင်အားကြီးနိုင်ငံများက ယင်းကိစ္စအတွက် အလေးထား စောင့်ကြည့်လျက်ရှိသည်။ **(အင်တာနက်)**

# တရုတ်နှင့် ဘင်္ဂလားဒေ့ရှ် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည်

ဒါကာ ဇူလိုင် ၂၇

တရုတ်နှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့သည် စီးပွားရေးနှင့်ကုန်သွယ်ရေး အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေး၊ ဖြစ်ပေါ်လာသည့် ပြဿနာများ ပူးတွဲဖြေရှင်းရေးတို့ကို အတူတကွ ပူးပေါင်းလုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် မီဒီယာများက ဇူလိုင် ၂၃ရက်၌ ဖော်ပြသည်။

**ထုတ်ဖော်**

နှစ်နိုင်ငံမှ ကိုယ်စားလှယ်များ အနေဖြင့် ဒါကာမြို့တွင် ဇူလိုင် ၂၂ရက်က တွေ့ဆုံကာ ဆွေးနွေးခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ၎င်းတို့၏ ဆန္ဒများကို ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ၂၀၀၆ခုနှစ်က နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်ရေးငွေမှာ အမေရိကန်ဒေါ်လာ ၃ဒသမ ၁၉ ဘီလီယံရှိခဲ့သည်။ အဆိုပါ ပမာဏသည် ယခင်နှစ်များကထက် ၂၈ဒသမ ၅ရာခိုင်နှုန်းတိုးမြင့်လာကြောင်း ပြသခဲ့သည်။

**တင်ပို့ခဲ့**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပို့ကုန်ပစ္စည်းများသည် ၂၀၀၆ခုနှစ်က အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၈ သန်းဖိုးခန့် တင်ပို့ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# အနောက်ပစိဖိတ်ဒေသ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု ပူးပေါင်းဆောင်ရွက်ရန် ဒဗလျူအိတ်ချ်အို သတိပေး

မနီလာ ဇူလိုင် ၂၇

**အနောက်ပစိဖိတ်ဒေသတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ခေါင်းထောင်လာလျက်ရှိရာ လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ဇူလိုင် ၂၃ ရက်၌ သတိပေးလိုက်သည်။**

သွေးလွန်တုပ်ကွေးရောဂါသည် အနောက်ပစိဖိတ်ဒေသအတွင်း ယခုနှစ်၌ ပုံမှန်အတိုင်း စောစီးစွာဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူပေါင်းရာနှင့် ချီကာ သေဆုံးခဲ့ရပြီး ဖြစ်သည်ဟု ဒဗလျူအိတ်ချ်အို၏ ဒေသဆိုင်ရာရုံးက ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

**ကုသမှုပေး**

သွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို ဒဗလျူအိတ်ချ်အို အဖွဲ့ဝင်နိုင်ငံများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ပံ့ပိုးထောက်ပံ့ပေးရန်အပြင် လူနာများအား ပိုမိုကောင်းမွန်သော ကုသမှုပေးနိုင်ရန်အတွက်လည်း လိုအပ်ကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။

**ဖြစ်ပွား**

အနောက်ပစိဖိတ်ဒေသတွင် သေဆုံးသူ အားလုံး၏ ၉၈ ဒသမ ၄ ရာခိုင်နှုန်းမှာ သွေးလွန်တုပ်ကွေးကြောင့် ဖြစ်ကြောင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဖီဂျီ၊ မလေးရှား၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဗီယက်နမ်တို့တွင်လည်း သွေးလွန်တုပ်ကွေး ဖြစ်ပွားလျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀၌ သွေးလွန်တုပ်ကွေး ဖြစ်ပွားလျက်ရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အိန္ဒိယကျေးရွာ၌ ဆင်သောင်းကျန်း၊ ရှစ်ဦးသေဆုံး

နယူးဒေလီ ဇူလိုင် ၂၇

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကျေးရွာများသို့ ဇူလိုင် ၂၆ရက်က ဆင်နှစ်ကောင်ဝင်ရောက်သောင်းကျန်းခဲ့ရာ ရှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ ဆင်နှစ်ကောင်မှာ မွေးမြူထားသောဆင်များဖြစ်ပြီး ထိန်းသိမ်းထားရာမှ လွတ်ထွက်ကာ ရွာများအတွင်း ဝင်ရောက်သောင်းကျန်းခဲ့ခြင်းဖြစ်သည်ဟု ၎င်းသတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

# အာဖဂန်၌ တိုက်ခိုက်မှုဖြစ်ပွား၊ ၇၅ဦးသေဆုံး

ကန်ဒါဟာ ဇူလိုင် ၂၇

**အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဇူလိုင် ၂၄ရက်က အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့မှုကြောင့် တာလီဘန်လက်နက်ကိုင် ၇၅ဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

**အခင်းဖြစ်ပွားမှုမှာ အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ် တောင်ပိုင်း၌ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လေကြောင်းမှ တိုက်ခိုက်မှုများ ပါဝင်ခဲ့ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။** (အင်တာနက်)

# အီတလီ၌ အပူလှိုင်းကျရောက်

ရောမ ဇူလိုင် ၂၇

အီတလီနိုင်ငံအတွင်း အပူလှိုင်းကျရောက်မှုကြောင့် သစ်တောများနှင့် ချုံပုတ်များ မီးလောင်မှုပိုမိုဖြစ်ပွားလာကြောင်း အီတလီပြည်သူ့ ကာကွယ်ရေး အာဏာပိုင်များက ဇူလိုင် ၂၃ရက်က ပြောကြားသည်။

ပူကလာဒေသ အရှေ့တောင်ပိုင်း၌ မိုးခေါင်မှုများ ယခုအချိန်အထိ ဖြစ်ပွားလျက်ရှိပြီး တောမီးလောင်ကျွမ်းမှု အဖြစ်အများဆုံးဖြစ်ကြောင်း ပြည်သူ့ကာကွယ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မာချေးဒေသတွင် သီးခြားစီ တောမီးလောင်ကျွမ်းမှု သုံးခုဖြစ်ပွားရာ သစ်တော ဟက်တာ ၁၀၀၀ခန့် တောမီးများလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှု ဖြစ်ပေါ်နေသည်ကို ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# အာဖဂန်၌ ဂျာမန်သတင်းစာဆရာ ပြန်ပေးဆွဲခံရ

အဆာဒါဘက် (အာဖဂန်နစ္စတန်) ဇူလိုင် ၂၇

အာဖဂန်နစ္စတန် အရှေ့ပိုင်း ကူနာပြည်နယ်၌ ဂျာမန်သတင်းစာဆရာနှင့်အာဖဂန်ဘာသာပြန်တို့ ပြန်ပေးဆွဲခံရကြောင်း ပြည်နယ်ရုံးအဖွဲ့က ဇူလိုင် ၂၅ရက်တွင် ပြောကြားသည်။

**ပြန်ပေးဆွဲ**

လွန်ခဲ့သည့်နှစ်ပတ်က နေတိုးတပ်ဖွဲ့မှ လေကြောင်းဖြင့်တိုက်ခိုက်မှုဖြင့် အရပ်သားများ သေဆုံးရာသို့ သွားရောက်ရာမှ ပြန်ပေးဆွဲခံရခြင်း ဖြစ်သည်။

**သွေးဆောင်**

အဆိုပါ ပြန်ပေးဆွဲခံရသူများကို အာဖဂန်ရှိ အကြမ်းဖက်သမားများက ဖြားယောင်းသွေးဆောင် ခေါ်သွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား အားကစား

## အာရှဖလားဖိုင်နယ်ပွဲရောက် အီရတ်နဲ့ဆော်ဒီတို့ အနေအထား

**ကိုးကားတင်ပြသူ-မောင်မောင်မြင့်ဆွေ**

ဂျကာတာ ဇူလိုင် ၂၇

**ဇူလိုင်၇ရက်က စတင်ကျင်းပခဲ့တဲ့ (၁၄)ကြိမ်မြောက် အာရှဖလား ဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဖိုင်နယ်ပွဲကို အီရတ်နဲ့ဆော်ဒီအာရေဗျအသင်းတို့ တက်ရောက်လာခဲ့ကြပြီ ဖြစ်ပါတယ်။**

ဇူလိုင် ၂၉ရက်မှာ ကစားကြမယ့် အီရတ်နဲ့ဆော်ဒီအာရေဗျအသင်းတို့ရဲ့ အာရှဖလားနောက်ဆုံးဖိုင်နယ်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာရှိတဲ့ ဂီလိုရာဘန်ဂါနို အားကစားကွင်းကြီးမှာ ကျင်းပမှာ ဖြစ်ပါတယ်။



**အီရတ်အသင်း ဖိုင်နယ်ပွဲရောက်အောင် အဓိက စွမ်းဆောင်ခဲ့သည့် ဂိုးသမား နိုးရာဆာဘရီ။**
(ဓာတ်ပုံ–အင်တာနက်)

### မြင်တွေ့

ဒီ(၁၄)ကြိမ်မြောက် အာရှဖလား ဘောလုံးပြိုင်ပွဲနောက်ဆုံးဖိုင်နယ်ပွဲကို တက်ရောက်လာကြတဲ့ အီရတ်နဲ့ ဆော်ဒီအာရေဗျ အသင်းတွေကို ကြည့်ရင် နှစ်သင်းစလုံးဟာ နောက်ဆုံးဖိုင်နယ်ပွဲကို ခက်ခက်ခဲခဲ ဖြတ်ကျော်ခဲ့ရတဲ့ အသင်းတွေအဖြစ် မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

### ပထမဆုံး

အာရှဖလားဘောလုံးပြိုင်ပွဲ သမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် နောက်ဆုံးဖိုင်နယ်ပွဲအထိ တက်ရောက်လာတဲ့ အီရတ်အသင်းဟာ ဒီနှစ်အာရှဖလား ဘောလုံးပြိုင်ပွဲရဲ့ အုပ်စု(က)မှာ ပါဝင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။

အီရတ်အသင်းရဲ့ ဖြတ်သန်းမှုကို ကြည့်ရင်အုပ်စုအဆင့်မှာထိုင်းအသင်းနဲ့ တစ်ဂိုးစီသရေ၊ ဩစတြေးလျ အသင်းကို သုံးဂိုး–တစ်ဂိုးနဲ့အနိုင်ရပြီး အိုမန်အသင်းကို ဂိုးမရှိသရေကစားခဲ့လို့ စုစုပေါင်းငါးမှတ်ရရှိပြီး ကွာတားဖိုင်နယ်ကို တက်ရောက်လာခဲ့ပါတယ်။

### ရောက်ရှိ

ကွာတားဖိုင်နယ်မှာ ဗီယက်နမ်အသင်းကို နှစ်ဂိုးပြတ်သွင်းယူပြီး အကြိုဖိုင်နယ်ပွဲကို ပြတ်ပြတ်သားသားနဲ့ ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ အကြိုဖိုင်နယ်ပွဲမှာ တောင်ကိုရီးယား အသင်းနဲ့ ကစားတဲ့အခါ ပွဲချိန် ပြည့်တဲ့အထိ ဂိုးမရှိ သရေကျနေတာမို့ အချိန်ပိုထပ်ကစားတဲ့အခါမှာလည်း ဂိုးမသွင်းနိုင်ကြဘဲ ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရတဲ့အထိ ရောက်ရှိခဲ့ပါတယ်။

ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းတဲ့အခါ အီရတ်တို့က လေးဂိုး–သုံးဂိုးနဲ့ အနိုင်ရရှိပြီး နောက်ဆုံးဖိုင်နယ်ပွဲတက်ရောက်လာတာ ဖြစ်ပါတယ်။ အီရတ်ရဲ့ နောက်ဆုံးဖိုင်နယ်ပွဲ ရောက်တဲ့အထိ ပေးဂိုး(ပယ်နယ်တီ မပါ) နှစ်ဂိုးသာရှိခဲ့ပြီး သွင်းဂိုးကတော့(ပယ်နယ်တီမပါ) ခြောက်ဂိုးရှိခဲ့ပါတယ်။ အီရတ် အသင်းမှာ ဂိုးအများဆုံးသွင်းထားသူ ကတော့ ယူနစ်မာမွတ်ဖြစ်ပြီး စုစုပေါင်း သုံးဂိုး သွင်းယူထားနိုင်တဲ့ သူပါပဲ။ ဗီယက်နမ်ကို နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တဲ့ ပွဲမှာနှစ်ဂိုးစလုံးတစ်ဦးတည်းသွင်းယူခဲ့သူကတော့ယူနစ်မာမွတ်ပဲ ဖြစ်ပါတယ်။

အီရတ်အသင်းဟာ ခံစစ်လုံပြီး ဂိုးသမားနိုးရာဆာဘရီကလည်းလက်စွမ်းပြနိုင်တာမို့ ပေးဂိုးနည်းခဲ့တာလည်း ဖြစ်ပါတယ်။အီရတ်အသင်းဟာ တစ်ဦးချင်းစွမ်းရည်ရော၊ အသင်းလိုက်စုစည်းမှုပါ အားကောင်းတဲ့အသင်း ဖြစ်ပါတယ်။

### အနေအထား

အီရတ်နည်းပြ ဂျော်ဗင်ဗီအဲရားကတော့ အီရတ်အသင်းရဲ့ခြေစွမ်းဟာ အာရှဖလားရယူဖို့အတွက် အကောင်းဆုံး အနေအထားရောက်နေပြီဖြစ်တယ်လို့ ပြောကြားနေပါတယ်။

### အစဉ်အလာကောင်း

အီရတ်နဲ့ ရင်ဆိုင်ကြုံတွေ့ရမယ့် အသင်းကတော့ ဆော်ဒီအာရေဗျ အသင်းပဲဖြစ်ပါတယ်။ ဆော်ဒီအာရေဗျ အသင်းကတော့ အာရှဖလားသမိုင်းမှာ အစဉ်အလာကြီးမားခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။

### ဆုဖလားရခဲ့

ဆော်ဒီအာရေဗျအသင်းဟာ၁၉၈၄ ခုနှစ်က စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့တဲ့ အာရှဖလား ဘောလုံးပြိုင်ပွဲမှာ တရုတ် အသင်းကို နှစ်ဂိုးပြတ်နဲ့အနိုင်ယူပြီး ဖလားရယူ နိုင်ခဲ့သလို ၁၉၈၈ခုနှစ်က ကာတာမှာ ကျင်းပခဲ့တဲ့ အာရှဖလား ပြိုင်ပွဲမှာလည်း တောင်ကိုရီးယားအသင်းကို ပယ်နယ်တီ အဆုံးအဖြတ် လေးဂိုး–သုံးဂိုးနဲ့ အနိုင်ယူပြီး ဆုဖလားရခဲ့တဲ့ အသင်းဖြစ်ပါတယ်။

### သုံးကြိမ်ရယူ

ဒါ့အပြင်၁၉၉၆ခုနှစ်က ယူအေအီး နိုင်ငံမှာ ကျင်းပတဲ့ အာရှဖလားပွဲမှာလည်း အိမ်ရှင်ယူအေအီးအသင်းကို ပယ်နယ်တီ အဆုံးအဖြတ် လေးဂိုး–နှစ်ဂိုးနဲ့အနိုင်ရပြီးဖိုလ်စွဲခဲ့တာမို့ အာရှဖလားကို သုံးကြိမ်ရယူထားနိုင်တဲ့ အသင်းဖြစ်ပါတယ်။

**ဆော်ဒီအသင်းခေါင်းဆောင် ယာဆာအယ်ကာတာနီ။**
(ဓာတ်ပုံ–အင်တာနက်)

### တက်ရောက်

ဒီနှစ်အာရှဖလားပြိုင်ပွဲမှာ ဆော်ဒီအာရေဗျအသင်းဟာ အုပ်စု(ဃ)မှာ ပါဝင်ပြီး အုပ်စုပွဲတွေမှာ တောင်ကိုရီးယားနဲ့တစ်ဂိုးစီသရေ၊ အင်ဒိုနီးရှားကို နှစ်ဂိုး–တစ်ဂိုးနဲ့အနိုင်ရပြီး ဘာရိန်းအသင်းကို လေးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တာမို့ အုပ်စု(ဃ)မှာ အုပ်စုပထမနဲ့ ကွာတားဖိုင်နယ် တက်ရောက်လာတဲ့ အသင်းဖြစ်ပါတယ်။

### အနိုင်ယူ

ကွာတားဖိုင်နယ်မှာ ဥဇဘက်ကစ္စတန်အသင်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိပြီး အကြိုဖိုင်နယ်ပွဲမှာတော့ အာရှဖလား လက်ရှိချန်ပီယံ ဂျပန်အသင်းကို သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ယူပြီး နောက်ဆုံးဖိုင်နယ်ပွဲကို တက်ရောက်လာခဲ့တဲ့အသင်းဖြစ်ပါတယ်။

### ထက်မြက်သူတွေ

ဆော်ဒီအာရေဗျ အသင်းဟာ နောက်ဆုံးဖိုင်နယ်ပွဲအထိ သွင်းဂိုး၁၂ဂိုး ရှိခဲ့ပြီး ပေးဂိုးငါးဂိုးရှိထားတာမို့ အီရတ်တို့ထက် ဂိုးသွင်းစွမ်းရည် ပိုမိုမြင့်မားနေပါတယ်။ ဆော်ဒီအာရေဗျ အသင်းမှာတော့ မာလက်စ်မက်ဇ်၊ အသင်းခေါင်းဆောင် ကာတာနီ၊ အာမက်အယ်လ်မူဆာနဲ့ဂျက်ဆမ်တို့ကဂိုးသွင်းခြေစွမ်း ထက်မြက်ကြတဲ့ သူတွေပါပဲ။

ဒါကြောင့် နောက်တန်းခံစစ် သိပ်သည်း ကျစ်လျစ်တဲ့ အီရတ်နဲ့ တိုက်စစ်အားသာချက်ရှိနေတဲ့ ဆော်ဒီအာရေဗျအသင်းတို့ရဲ့ နောက်ဆုံးဖိုင်နယ်ပွဲဟာ တကယ့်ကို ပရိသတ်အကြိုက် တွေ့စေမယ့်ပွဲဆိုတာ သေချာနေပါကြောင်း တင်ပြလိုက်ပါတယ်။ ။

**(ကိုးကား–အင်တာနက်)**

## အင်တာနက် အားကစားသတင်း အတိုအထွာ

* လီဗာပူးအသင်းသည် ပရိသတ်ခြောက်သောင်းဆံ့သည့် ကွင်းသစ်ကြီးတစ်ခုကို တည်ဆောက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

* **မန်ယူကစားသမား ပေါလ်စခိုးလ်သည် ဒူးခေါင်းဒဏ်ရာ ရထားသဖြင့် လာမည့်ရာသီအစတွင် ပြိုင်ပွဲများနှင့် လွဲဖွယ်ရှိသည်ဟု ၎င်းကလပ်က ပြောကြားသည်။**

* ဘရာဇီးကစားသမား ကာကာက ၎င်းအနေဖြင့် အေစီမီလန်အသင်း၌သာ ဆက်လက်ကစားမည် ဖြစ်ကြောင်း၊ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကစားလိမ့်မည်မဟုတ်ကြောင်း ပြောကြားသည်။

**(အင်တာနက်)**

## ဖလားရရှိရေး ပို၍ဖိအားပေးခံရလိမ့်မည် မော်ရင်ဟိုက ဘင်နီတက်ဇ်အား သတိပေး

**ချယ်လ်ဆီးနည်းပြမော်ရင်ဟို(ဝဲ)နှင့် လီဗာပူးနည်းပြ ဘင်နီတက်ဇ်။**
(ဓာတ်ပုံ–အင်တာနက်)

**လန်ဒန် ဇူလိုင် ၂၇**

လီဗာပူးအသင်းနည်းပြ ရာဖေးလ် ဘင်နီတက်ဇ်သည် လာမည့်ရာသီတွင် ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ရန် ဖိအားပေး ခံရလိမ့်မည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက သတိပေး ပြောကြားလိုက်သည်။

### ကုန်ကျ

အနီရောင် လီဗာပူးအသင်းသည် လာမည့်ရာသီတွင် တောင့်တင်းခိုင်မာသည့် အသင်းတစ်သင်းဖြစ်လာစေရန် ဖာနန်ဒိုတောရက်စ်နှင့်ရိုင်ယန်ဘာဘယ်ကဲ့သို့သော ကစားသမားများကို ခေါ်ယူ အားဖြည့်ခဲ့သဖြင့် ပေါင်သန်း ၄၀ခန့် ကုန်ကျထားပြီဖြစ်သည်။ ထိုသို့ ငွေကြေး မြောက်မြားစွာ ကုန်ကျထားပြီဖြစ်၍ လာမည့်ရာသီတွင် ဖလားဆွတ်ခူးနိုင်ရန် ဖိအားပေးခံရမှု ပို၍တိုးလာကြောင်းလည်း မော်ရင်ဟိုက ပြောကြားလိုက်သည်။ လာမည့်ရာသီတွင် မန်ယူနှင့်လီဗာပူးတို့သည် လူသစ်များခေါ်ယူ အားဖြည့်ထားပြီဖြစ်၍ နည်းပြ မော်ရင်ဟိုအတွက် အဓိက ပြိုင်ဘက်များဖြစ်လာသည်။ ချယ်လ်ဆီးအသင်းသည် လာမည့်ရာသီတွင် ပရီမီယာလိဂ်ဖလား ရရှိရေးအတွက် ပို၍ အကြိတ်အနယ် ကြိုးစားရတော့မည်ဖြစ်သည်။ **(အင်တာနက်)**

**စုစည်းတင်ပြသူ–မြင့်မောင်စိုး**

## မန်ယူနောက်ခံလူ ဟိန့်ဇ်အား လီဗာပူးခေါ်ယူရန် မအောင်မြင်

လန်ဒန် ဇူလိုင် ၂၇

**လီဗာပူးအသင်းက ခေါ်ယူရန်ကြိုးစားနေသည့် မန်ယူနောက်တန်း ကစားသမား ဂါဘရီရယ်ဟိန့်ဇ်အား မန်ယူက ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း မန်ယူအမှုဆောင် အရာရှိချုပ် ဒေးဗစ်ဂေးလ်က အခိုင်အမာ ပြောကြားလိုက်သည်။**

**အဆိုပါ နောက်တန်းကစားသမားအား ခေါ်ယူရန် လီဗာပူးက ပေါင် ၆ဒသမ ၈သန်း ဈေးပေးထားသည်။ သို့ရာတွင် ယင်းဈေးဖြင့် မန်ယူက ရောင်းချနိုင်လိမ့်မည် မဟုတ်ကြောင်း ၎င်းအရာရှိချုပ်က ပြောကြားသည်။**

### ပြောင်းရွှေ့ခွင့်မပေး

**မန်ယူနည်းပြ ဖာဂူဆန်ကလည်း ၎င်း၏ ကစားသမားများကို ထိပ်တန်းပြိုင်ဘက်အသင်းများသို့ ပြောင်းရွှေ့ခွင့် မပေးနိုင်ကြောင်း ပြောကြားသည်။**

**ဂါဘရီရယ်ဟိန့်ဇ်အား ခေါ်ယူနိုင်ခဲ့လျှင် လီဗာပူးအသင်းသည် ဥရောပတွင် အဓိကအင်အားကြီး အသင်းများ၌ ပါဝင်လာနိုင်ကြောင်း ဘင်နီတက်ဇ်က အခိုင်အမာ ပြောကြားလိုက်သည်။** (အင်တာနက်)

**မန်ယူနောက်တန်းကစားသမား ဂါဘရီရယ်ဟိန့်ဇ်။**
(ဓာတ်ပုံ–အင်တာနက်)

**အဲဗာတန်က ခေါ်ယူလိုက်သည့် ဒေါ့မွန်ကွင်းလယ်ကစားသမား။**
(ဓာတ်ပုံ–အင်တာနက်)

## ဒေါ့မွန် ကွင်းလယ်ကစားသမား အဲဗာတန်အသင်းသို့ရောက်ရှိ

**လန်ဒန် ဇူလိုင် ၂၇**

ဒေါ့မွန်ကွင်းလယ် ကစားသမား စတီဗင်ပီယင်နားအား အဲဗာတန်အသင်းက ခေါ်ယူစာချုပ်လိုက်သည်။

ပီယင်နားသည် ရှိဆစ္စကီး အာဆင်နယ်သို့ ပြောင်းသွားချိန်တွင် အေဂျက်ဇ်အသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

### ရုန်းကန်

သို့ရာတွင် အသက် ၂၅နှစ်ရှိ အဆိုပါ ကွင်းလယ်ကစားသမားသည် ဘွန်ဒက်စ်လီဂါတွင် ရုန်းကန်ကြိုးစားနေရသူဖြစ်သည်။ ပြီးခဲ့သောရာသီက၂၅ပွဲကစားခဲ့ရာ ဒေါ့မွန်အသင်းအတွက် တစ်ဂိုးမျှ သွင်းမပေးနိုင်ခဲ့ပေ။

### လေ့ကျင့်နေပြီ

တောင်အာဖရိက ကစားသမား ပီယင်နားသည် ရာသီအကြို လေ့စ်အိန်ဂျလိစ်သို့သွားရောက်ကစားရန် အဲဗာတန်အသင်းနှင့်အတူလေ့ကျင့်နေပြီဖြစ်သည်။မိမိသည် အဲဗာတန်အသင်းသို့ လာရောက်ကစားရသည်မှာ စိတ်လှုပ်ရှားမိကြောင်း၊ ဥရောပကလပ်များတွင်ကစားခွင့်ရသော ကစားသမားများသည် အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်ကြောင်း၊ မိမိအနေဖြင့် ကြိုးစား ကစားသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

## မွေးနေ့ဆုတောင်း

ချစ်သမီးလေး **အိရှူပါမောင်** Grade VII (C) အထက(၁)ဒဂုံရဲ့ ၂၈-၇-၂၀၀၇ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ထူးချွန်တတ်သိ လိမ္မာသော သမီးကောင်းရတနာဖြစ်ပါစေ။

**ချစ်သော – မေမေနှင့်**

**မောင်လေး – ခန့်စည်သူမောင်**

**Grade III (D) အထက(၁)ဒဂုံ။**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးသိန်းလွင်(ငြိမ်း) ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း–ဒေါ်သောင်းရီ(အထပြ–ငြိမ်း)တို့၏သား

**မောင်သူရလွင်**

**B.Sc (Geology, Q), DAG (Petroleum Geology)**
**Assistant Geologist, Focus Energy Ltd.**

**နှင့်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ငုက်ပျောတောလမ်းနေ ဦးထိန်ဝင်း–ဒေါ်သန်းသန်းလှိုင်(မိသားစုလျှပ်စစ်စတိုး)တို့၏သမီး

**မချိုကြည်မွန်(ခ)ချိုတာ**

**B.Sc (Maths), B.A (Business Law), LCCI Level II**
**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**

တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူခွင့်ပြုချက်အရ ၂၆-၇-၂၀၀၇ရက်တွင် တရားရုံးချုပ် တရားသူကြီး ဦးမြင့်သိန်း ရှေ့မှောက်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်သူရလွင်–မချိုကြည်မွန်။**


ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါ နှင့် အရေးအသားသင်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော အမှန်တကယ် တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ) အပြီးပြီးဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ် ၂ရက် (၅)လတက်ရုံနှင့် လုံးဝ ရေးတတ်မည်။ အလယ်/ အထက်တန်း၊ ဘွဲ့ကြို ဘွဲ့ရ၊ အလုပ်ခွင်ရောက်သူ၊ PSC ဖြေဆိုသူ မဖြစ်မနေတတ်ပါ။
ဩဂုတ်လ (၂/၄/၆) ရက်နေ့ (ပ/၃တွဲ) တန်းခွဲသစ်ဖွင့်မည်။
အမှတ် ၂၇၇၊ ပန်းဆိုးတန်းလမ်း၊ မုံးတံတားထိပ်၊ ရန်ကုန်မြို့
Ph : 286871, 0951 - 72096



တာမွေ
ကွန်ကရစ် အလှအုတ် ရပြီ
မေတ္တာညွန့်
543604 ဇာတိဂုဏ်လမ်း
09 8034928
09 5188062



**ကြက်ဆူပျိုးပင် ရောင်းရန်ရှိသည်**
ခြံထွက် ကြက်ဆူ ပျိုးပင်/ကိုင်းကူး/ အစေ့မျိုးသန့်များ ရောင်းရန်ရှိသည်။
**ဖုန်း ၀၉-၅၀-၀၂၈၃၅၊ ၀၁-၅၄၄၅၆၁။**


**ကျေးဇူး ဆပ်ပါမည်**

ကျွန်မ ဒေါ်သီသီ၏ ယာဉ်အမှတ် ၇/၄၉၅၆၏ အခွန်ပုံစံ(၁)စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၀၉-၅၁၀၈၆၉၅။**


**မိုးလုံ – လေလုံ – ပျော်စရာစုံ**
**HAPPY WORLD**
ကန်တော်မင်္ဂလာပန်းခြံ
ဝါဆိုပွဲတော် ဘဲလုံးဘဲစီဘဲစဉ်
(၂၉-၇-၂၀၀၇)ရက် ဝါဆိုလပြည့်နေ့နဲ့ (၃၀-၃၁) ၃–ရက်ဆက်တိုက်
ချက်ချင်း ခြစ်
ချက်ချင်း တိုက်
ချက်ချင်း ယူ
(၁၂)ဆိုင်းမိုး
ခဲခြစ်ထံစမ်းမဲဆုလက်ဆောင်များ
ကန်တော်မင်္ဂလာပန်းခြံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး၊ ဒဂုံမြို့နယ်



ဗိုက်ချပ်စေလျှင် သတိရပါ ၆ / ၂၀၀၃ တဆေးထလ/တိုး - ၀၄၃၂
**ဒေါ်မြင့်မြင့်သွယ် (ဆေးကမ္ဘာ)**
အဆီကျအသားကျစ်ဆေး ၁၀၀၆ YR ၀၄၅၁၀
ဗိုက်ချပ်လိမ်းဆေး ၀၉၀၇ YR ၀၉၅၃
ဆေးဆိုင်၊ ၂၇၉၊ အလယ်ရွှေဂုံတိုင်၊ ဗန္ဓုလပင် မှတ်တိုင်အနီး၊ အလယ်ရွှေ ယ. ရ. တ (ဘေးလမ်း) ဗဟန်း၊ ရန်ကုန်။


## အမွေပြတ်စွန့်လွှတ်ခြင်း

ဦးမြစိုး၏သမီးဖြစ်သူ မမြင့်မြင့်သန်း ၇/ပခန(နိုင်)၁၃၀၈၉၁သည် ဖခင်ဖြစ်သူကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက် သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း အသိပေးကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးမြစိုး ၇/ပခန(နိုင်)၁၃၀၇၅၆**
**အမှတ် ၇၆၁၊ မော်ကန်(၅)လမ်း၊**
**လိပ်ပြာကန်ရပ်ကွက်၊ ပဲခူးမြို့။**

## အများပြည်သူသိရှိရန်

ကျွန်တော်၏ မိတ်ဆွေဖြစ်သူတစ်ဦးက ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊မြကန်သာအိမ်ရာ၊ ယခင်အခေါ်–တိုက်အမှတ် ၅၊ အယ်လ်(၂)၊ အခန်းအမှတ် ၁၀၃၊ ယခုအခေါ်–တိုက်အမှတ် ၃၄၊ အခန်းအမှတ် ၂၀၃ဟုခေါ်တွင်သော တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်လက်ရှိထားသော ဒေါ်စန်းစန်းထွန်းထံမှဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ပြောဆိုလိုသူ တစ်ဦးတစ်ယောက်သည် ယင်းကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအကိုးအကား အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအုံးမောင်(B.Sc, B.L)**
**စာရင်းပါအမှတ်စဉ်–၈၃၀**
**တရားရုံးချုပ်ရှေ့နေနှင့် နိုတာရီပဗ္ဗလစ်**
**အမှတ် ၃၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၃၇၆၉၈၄။**

‘ဆန်းသစ်သောလျှပ်စစ်ပစ္စည်းနှစ်သက်သူများအတွက်သတင်းကောင်း’
MASTER POWER ELECTRONIC SALE & SERVICE CENTER
No. (16) B, နတ်မောက်လမ်း (ကန်တော်ကြီးပတ်လမ်း-ကန်သာယာဆေးရုံအနီး) တာမွေမြို့နယ်တွင် 1-8-07 မှာ Master Power Sale & Service Center အားစတင်ဖွင့်လှစ်မည်။
ဝယ်ယူအားပေးကြသောမိတ်ဟောင်း မိတ်သစ်များအားဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် 1-8-2007 နှင့် 2-8-2007 (၂) ရက်အတွင်း Master Power UPS နှင့် Master Power CDI ဝယ်ယူအားပေးကြသော Customer များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် 10% Discount ပေးမည်ဖြစ်ကြောင်း သတင်းစကားဆိုအပ်ပါသည်။
စက်ရုံ-
အမှတ်-(၀၉)၊(၆၄) ရပ်ကွက်၊ဝေနံလမ်း၊စက်မှုဇုန်(၂)၊တောင်ဒဂုံ၊Ph:594273 Hp:09 514 9493


**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈၁/၃၅၀၇ Shan Super Jeep ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မင်း မှတ်ပုံတင်အမှတ် ၁၂/ကမရ (နိုင်)၀၃၉၁၅၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနအရှေ့ပိုင်းခရိုင်ရုံး**
**(ရန်ကုန်မြို့)။**


KMD Since 1986 Computer Centre ဆိပ်ကမ်းသာ
အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။
:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Practical A+
:: LCCI Computerised Accounting :: Special Effect :: Accpac Plus::Basic Software Engineering
:: AutoCAD :: Programming (C, C++, Java, VB.net, ASP, MS Access, Excel)
၅၅-၅၇၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း–၃၉၁၂၈၆/ ၃၉၁၂၈၇


**သစ်တောသစ်ပင်**
**ဒို့ချစ်ခင်**
**အစဉ်စိုက်ပျိုး**
**အလှတိုး**


REGD
စိန်ဘယက် မှတ်မိတယ်နော် ငန်းနီကျော်
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၀၅တဆထလ/တိုး(၅၄)
ဖျားနာ ကိုက်ခဲ တုပ်ကွေးပျောက်
စိန်ဘယက် ငန်းနီကျော်ကို သောက်...
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၅၀၇ YR ၀၀၉၀၂
REGD


**မြန်မာ့အလင်း**
**အင်တာနက်**
**ဟောင်ပိတ်**
**သတင်း**

### အာဖဂန်၌တိုက်ခိုက်ခံရသဖြင့် ၂၈ဦးသေဆုံး

ကန်ဒါဟာ ဇူလိုင် ၂၇

**အာဖဂန်နစ္စတန်နိုင်ငံတွင် ဇူလိုင်၂၇ရက်က အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ ၂၈ဦး သေဆုံးပြီး ၅၀ခန့်ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။**

တိုက်ခိုက်

**အခင်းဖြစ်ပွားမှုမှာ ဟယ်မန်ပြည်နယ် ခမ်ဘာရက်ရွာ၌ တိုက်ခိုက် ခံရခြင်းဖြစ်ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။**

### အမေရိကန် မိုဂျာဗီလေဆိပ်၌ပေါက်ကွဲမှုဖြစ်ပွား

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၇**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မြောက်ဘက် ကီလိုမီတာ ၉၀ခန့်အကွာ မိုဂျာဗီလေဆိပ်တွင် ဇူလိုင် ၂၇ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

**ပေါက်ကွဲ**

အဆိုပါပေါက်ကွဲမှုမှာ နိုက်ထရပ်အောက်ဆိုဒ်များထည့်ထားသော သိုလှောင်ကန်တစ်ခုမှပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်း၌ဆက်လက်ဖော်ပြထားသည်။

### ဓမ္မဒူတဇေတဝန်တောရ ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်း မော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆောက်ဒကာ ရာမကျောင်းတိုက်၌ပဓာနနာယက ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ အမှူးရှိသော သံဃာတော်အပါး ၈၀ကျော်တို့အား ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ ဇူလိုင်၂၉ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီ တွင် တပည့်ဒါယကာ ဒါယိကာမ များ စုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

### ကိုးဘွဲ့ရအထူးဓမ္မသဘင်

**ရန်ကုန် ဇူလိုင် ၂၇**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဇူလိုင် ၂၈ရက်တွင် ရေဦးမြို့ မင်္ဂလာရာမကျောင်းတိုက်အထူးပွဲ၊ ၂၉ရက် နံနက်၉နာရီတွင် မန္တလေးမြို့ ၈၃ x ၈၄လမ်းထောင့်ရှိ မင်းဇံဓမ္မာရုံ နံနက်သီလပေးပွဲ၊ ည၇နာရီတွင် မန္တလေး ကန်သာယာမြို့သစ် အထူးပွဲ၊ ၃၀ရက်တွင် ရွှေဟင်္သာဝါဆိုပွဲ၊ ၃၁ရက်နှင့် ဩဂုတ် ၁ရက်တို့တွင် မန္တလေးမြို့ ၃၈လမ်း၊ ၈၂ x ၈၃ကြား ဗုဒ္ဓဂယာဓမ္မာရုံ ကလေးမွေးနေ့ပွဲ၊ ဩဂုတ် ၂ရက်မှ ၆ရက်အထိ ငါးရက်တိုင်တိုင် ချောင်းဦးမြို့ ရွှေပြည်သာဓမ္မာရုံ ညနေကလေးတရားပွဲနှင့် ညလူကြီးအထူးတရားပွဲ၊ ဩဂုတ် ၇ရက်မှ ၁၁ရက်အထိ ငါးရက်တိုင်တိုင် သဲတောမြို့ ရွှေကျီးမုန့်ကြွပ် အထူးတရားပွဲ၊ ၁၂ရက်မှ ၁၅ရက်အထိ လေးရက်တိုင်တိုင် ဝမ်းတွင်းမြို့ ရာဇမုနိဘုရား အထူးပွဲ၊ ၁၆ရက်တွင် စစ်ကိုင်းမြို့ ညောင်ပင်ဇင်ရွာဒေါ်တာ အသက်(၈၀)ပြည့် မွေးနေ့ပွဲ တို့၌ တရားတော်များဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲရက်ရရှိ ပြီးသူများသည် ဆရာတော် ဖုန်း–၀၉-၂၁-၃၀၈၉၅ နှင့် ၀၇၂-၂၂၁၇၀တို့သို့ ကြိုတင်ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

# သန္ဓေတောထွက် ဓမ္မစက်နှုတ်မြွက်သံချို လဝါဆို

**"သီဝံငယ်ပိုင်မှတ်၊ သုံးလူ့နတ်လဲ၊**
**မြိုင်ရပ်ကယ်ခန်းဝါ၊ မိဂဒါဝယ်**
**သေချာနဲနက်၊ ဓမ္မစက်ကို၊**
**ဖန်မြွက်ကယ်နှုတ်ရွှေ၊ ဗျာခွန်းချွေလို့၊**
**စုံခြေသသာ၊ ထုံပေါင်းခ,တဲ့**
**လနိဋ္ဌရာ၊ ချိန်သည်ခါကို၊**
**ဣန္ဒာဘုန်းနွယ်၊ လွမ်းပုံတော်ကြွယ်တဲ့ အောင်၊**
**ကိုးနယ်ဖွဲ့ ဒီသာမှာ**
**စည်ဂီဝါအောင်သံရွှမ်းလို့၊**
**သွန်းမဲ့ဟန်ပြု။"**

(လူဦးမင်း)

ဗေဒင်အခေါ်အဝေါ်အားဖြင့် ဤလကို ကရကဋ်ရာသီဟုခေါ်သည်။ ပြုဗ္ဗာသဠ်နက္ခတ်သည် လပြည့်ဝန်းနှင့်အတူ ယုဂန္ဓိုရ်တောင်ထိပ်တွင် ယှဉ်ပြိုင်ထွန်းပ၏။ နေမင်းကား ဖုသျှနက္ခတ်နှင့် ယှဉ်ပြိုင်ထွန်းပ၏။ ရာသီရုပ်မှာ ပုစွန်လုံးဖြစ်၏။ ရာသီပန်းကား ပုန်းညက်ပန်း၊ မြတ်လေးပန်းတို့ဖြစ်သည်။ ရှေးမြန်မာဘုရင်များသည် "ပဉ္စင်းတော်ခံပွဲ"ကို ဤလ၏ ရာသီပွဲတော်အဖြစ် ဆင်ယင်ကျင်းပလေ့ ရှိကြ၏။

'သန္ဓေတောထွက် ဓမ္မစက်၊ နှုတ်မြွက်သံချို လဝါဆို' ဟူသော ဆိုရိုးစကားရှိသည်။ ယင်းအဆိုကြောင့်ပင် မြန်မာ့ရှေးရိုးအစဉ်အလာအရ ဝါဆိုလကို မြင့်မြတ်လှသည်ဟု မှတ်ယူထားကြသည်။

ဝါဆိုလသည် ဘာသာရေးအရ အရေးပါသောလ ဖြစ်သကဲ့သို့ လယ်ယာစိုက်ပျိုးရေးအတွက် အင်နှင့်အားနှင့် အရှိန်ယူလုပ်ကိုင်ရသောလဖြစ်ပေသည်။ တစ်နည်းအားဖြင့် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓ၏ ဓမ္မစကြာအခါတော်နေ့အဖြစ် မွန်မြတ်ထင်ရှားသည်။ ထို့နည်းတူ ဝါဆိုလသည် လယ်ယာလုပ်အားရှင်တို့၏ တေးသံဖြင့်လည်း လယ်ယာမြေအနှံ့ ဆွတ်ပျံ့ဝေစည်နေသည်။ လယ်ယာလုပ်ငန်း အောင်မြင်တိုးတက်မှ တိုင်းပြည်၏ ရိက္ခာဖူလုံ၍ စီးပွားတိုးတက်မည်ဖြစ်သည်။ လမြတ်ဝါဆိုကား လောကီ၊လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆောင်သောလဟု ဆိုသင့်ပေသည်။ ရွာသွန်းသောမိုးရေသည် အလွန်အေးမြသည်။ တောတန်းတစ်လျှောက်၌ ဖွေးဖွေးဖြူအောင်ပွင့်နေကြသည့် မိကျောင်းပန်းများကိုလည်းတွေ့နိုင်သည်။ ထို့ကြောင့် "ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး"ဟု မိုးအလင်္ကာက အဆိုရှိသည်။

**ဝါဆိုလပြည့်နေ့သည် "သန္ဓေတောထွက်၊ဓမ္မစက်၊ တချက်ပြာဋိဟာ" ဆိုသည့်အတိုင်း သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ပဋိသန္ဓေနေတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ တရားဦး ဓမ္မစကြာကို ဟောကြားတော်မူခြင်း၊ ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာများကို ပြတော်မူခြင်းဟူသော ထူးခြားသည့် ဘာသာရေးမှတ်တိုင်ကြီးများကို စိုက်ထူခဲ့သောနေ့ဖြစ်သည်။**

မဟာသက္ကရာဇ် ၆၇ခု ရာသီကရကဋ် လမြတ်ဝါဆို သန်းခေါင်ယံ ဥတ္တရာသဠ်နက္ခတ်နှင့် စန်းမြတ်ယှဉ်ချိန်တွင် ဂေါတမဗုဒ္ဓလောင်းလျာသည် မယ်တော်မာယာ၏ ရွှေကြာတိုက်ဝမ်းတော်အတွင်းသို့ ကိန်းအောင်း စံပျော်သည်။ ထိုအခါ တစ်သောင်းသောစကြဝဠာသည် သွက်သွက်ခါ တုန်ဟည်းပြီးနောက် ၃၂ပါးသော ပုဗ္ဗနိမိတ်တို့ ထင်ကုန်လေသည်။ ဤသည်ကား ဝါဆိုလ၏ ထူးမြတ်ပုံတစ်ရပ်တည်း။

"သုံးလူရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို"ဟု လယ်တီဆရာတော်က ဖွဲ့ဆိုခဲ့ပါသည်။

သိဒ္ဓတ္ထကုမာရသည် သက်တော် တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်လတ်သော်ဘဒ္ဒကစ္စာနာယသောဓရာနှင့် စုလျားရစ်ပတ်လက်ထပ်တော်မူသည်။

မဟာသက္ကရာဇ် ၉၇ခုနှစ် မတိုင်မီ သိဒ္ဓတ္ထကုမာရသည် ဥယျာဉ်တော်သို့ ထွက်ကြွရာ၌ သူအို၊ သူနာ၊ သူသေတို့ကို လေးလ တစ်ကြိမ် တွေ့မြင်သိရှိ တရားသံဝေဂရခဲ့သည်။

နောက်ဆုံးအကြိမ် ထွက်ကြွရာ၌ကား ရဟန်းအသွင် သူတော်စင်ကို တွေ့မြင်ရသည်။ တရားသံဝေဂ ရယူနေဆဲ ကြင်ရာတော် ဘဒ္ဒကစ္စာနာဝယ် သားတော်ကိုဖွားမြင်ကြောင်း ကြားသိရသည်။ သားဦး သားမြတ် ဖွားမြင်ကြောင်း ကြားသိရသည်တွင် ဝမ်းသာအားရ ဖြစ်တော်မူရမည့်အစား ကျဉ်းကြပ်သော နှလုံးတော်ရှိလှ၍ လကို ရာဟုဖမ်းသကဲ့သို့ ကြင်ရာမယားဟူသော အနှောင်အဖွဲ့တွင် ယခုသားတော် ထပ်မံ၍ နှောင်ဖွဲ့ပြန်လေပြီဟု သတိသံဝေဂ ရတော်မူလေသည်။ ယင်းသို့သော အကြောင်းကြောင့်ပင် သိဒ္ဓတ္ထကုမာရသည် ကပိလဝတ်နေပြည်တော် ရွှေနန်းတော်မှ သန်းခေါင်ယံကာလတွင် တောထွက်ခဲ့သည်။ ထိုနေ့ကား ဝါဆိုလပြည့် တနင်္လာနေ့ပင်တည်း။

" ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင်း ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ်ခန်းမှာကိုး" ဟု လယ်တီဆရာတော်ကြီးက ဖွဲ့ဆိုခဲ့ပါသည်။

ဘုရားအလောင်း သိဒ္ဓတ္ထကုမာရသည် အနော်မာမြစ်တစ်ဖက်ကမ်းသို့ အရောက်တွင် ဆံတော်ကိုပယ်ကာ ရဟန်းပြုတော်မူသည်။

ထို့နောက် ဥရုဝေလတောသို့ကြွ၍ '၆'နှစ် ကာလပတ်လုံး သူမတူအောင် ခက်ခဲလှသော ဒုက္ကရစရိယာကို ဖြည့်ကျင့်ဆည်းပူးတော်မူသည်။ ယင်းအကျင့်ဖြင့် လမ်းမှန်သို့မရောက်နိုင်မှန်း သိသောအခါ မဇ္ဈိမပဋိပဒါလမ်းစဉ်သို့ ပြောင်းရွှေ့ကျင့်သုံး လုံ့လပြုတော်မူသောကြောင့် မဟာသက္ကရာဇ် ၁၀၃ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်သည်နှင့်တစ်ပြိုင်နက် သုံးလောကအထွတ်တမွတ်မှန်ကူ သယမ္ဘူအဖြစ်သို့ ရောက်တော်မူသည်။

ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူပြီး၍ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်တော်မူသောအခါ သုံးလောကရှိဝေနေယျ သတ္တဝါအများကို မြတ်တရားပြ ချွေချွတ်ရန် ကြံရွယ်တော်မူသည်။

## မင်းဧရာ (မြေလတ်)

ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ရက်ပေါင်းခြောက်ဆယ်အကြာ မဟာသက္ကရာဇ် ၁၀၃ခု (၅၂၈ ဘီစီ) ဝါဆိုလပြည့် စနေနေ့ ညနေခင်း နေဝင်ဆည်းဆာအချိန်တွင် မိဂဒါဝုန်သာမျိုးစုံသော ရဂုံသာမော အင်ကြင်းတော၌ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ အမည်ရှိ ပဉ္စဝဂ္ဂီငါးဦးတို့အား ဗုဒ္ဓ၏ဝါဒ အမြိုက်တရား ဓမ္မစကြာဒေသနာကို ဟောကြားတော်မူလေသည်။

ဗုဒ္ဓသည် တင်းလည်း မတင်းလွန်း၊ လျော့လည်း မလျော့လွန်းသော (မလျော့မတင်း) အလယ်အလတ်တန်းစား (မဇ္ဈိမပဋိပဒါ) လမ်းကြောင်းတစ်ခုကို ရှာကြံတွေ့ရှိလေသည်။ ဤလမ်းကြောင်းသည် သာလျှင် သတ္တဝါတို့အား အမြင်မှန်ကို ပေးစွမ်းနိုင်သည်။ အသိဉာဏ်ကို ပေးနိုင်သော လမ်းကြောင်းဖြစ်သည်။ ကိလေသာပူပန်မှုကို ငြိမ်းစေခြင်းငှာလည်းကောင်း၊ ခွဲခွဲခြားခြား အသိတရားပွားစေခြင်းငှာလည်းကောင်း စင်စစ် အကျိုးပြုနိုင်ပေသည်။ ဤလမ်းကြောင်းသည်သာလျှင် သတ္တဝါတို့နှင့် သင့်လျော်ဆုံး၊ အကောင်းဆုံးသောလမ်းဖြစ်သည်ဟု မြင်လာသည်။ ဗုဒ္ဓသည် ပဉ္စဝဂ္ဂီရဟန်းတို့အား "အိုချစ်သားတို့... ကိလေသာ တင်းကျမ်းပြည့်ရှိနေသော 'ကာမသုခလ္လိကာနုယောဂ' လမ်းပျော့နှင့် ခန္ဓာကိုယ်ကို ညှဉ်းပန်းသည့် 'အတ္တကိလမထာနုယောဂ' လမ်းကြမ်း။ ဤလမ်းကြောင်းနှစ်ခုကို သင်တို့ မချဉ်းကပ်ကြလေကုန်လင့်၊ အလုပ်အကျွေး မပြုကြလေကုန်လင့်၊ ထိုလမ်းများကား သင်တို့လိုလားနေသော လွတ်မြောက်မှုကို မပေးစွမ်းနိုင်"

"အိုချစ်သားတို့... ငါသည် မလျော့လွန်း၊ မတင်းလွန်း ဗဟိုချက်ချာ'မဇ္ဈိမပဋိပဒါ'လမ်းကြောင်းတစ်ခုကို တွေ့ရှိထားပေပြီ။ ထိုလမ်းကား အမှန်တရားကို သိမြင်စေတတ်သော မျက်လုံးကိုလည်းပေးပေ၏။ ဉာဏ်ကိုလည်းပေးပေ၏။ ကိလေသာ အပူငြိမ်းအေးမှုအတွက်လည်းကောင်း၊ နိဗ္ဗာန်သို့ ထုတ်ချင်းပေါက်ရောက်မှုအတွက် လည်းကောင်း ကောင်းမွန်ထိရောက်စွာ အကျိုးပြုစွမ်းနိုင်သော လမ်းကောင်း၊ လမ်းမှန်ပေတည်း"

မြတ်စွာဘုရားဟောကြားတော်မူသည့် ဓမ္မစကြာတရားတော်ပြီးဆုံးသောအခါ ဝါဆိုလပြည့်နေ့တွင် ကောဏ္ဍညမထေရ်သည် ဉာဏ်အလင်းပေါက်၍ သောတာပန်ဖြစ်သည်။ ထို့နောက် ဆက်လက်၍ ဝါဆိုလပြည့်ကျော် ၁ရက်နေ့၌ ဝပ္ပမထေရ်၊ ဝါဆိုလပြည့်ကျော် ၂ရက်နေ့၌ ဘဒ္ဒိယမထေရ်၊ ဝါဆိုလပြည့်ကျော် ၃ရက်နေ့၌ မဟာနာမ်မထေရ် ၊ ဝါဆိုလပြည့်ကျော် ၄ရက်နေ့၌ အဿဇိမထေရ်တို့ သောတာပန်ဖြစ်ကြသည်။

ဤကဲ့သို့အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌ တည်ကြ၍ "ဧဟိဘိက္ခု" ရဟန်းအဖြစ်ကို အသီးသီး ခံယူကြလေသည်။

လမ်းကြမ်း၊ လမ်းနု ဤနှစ်ခုကို ပယ်စေ၍ ဗုဒ္ဓမြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား "မဇ္ဈိမပဋိပဒါ" လမ်းသို့လိုက်ကြရန် တိုက်တွန်းနှိုးဆော်တော်မူပြီးလျှင် ထိုလမ်းစဉ်ကိုချ၍ ပြတော်မူသည်။

ထိုလမ်းကြောင်း မဇ္ဈိမပဋိပဒါ ကျင့်စဉ်ဟူသည်-

၁။ မှန်ကန်သောအမြင် (သမ္မာဒိဋ္ဌိ)
၂။ မှန်ကန်သော အကြံ (သမ္မာသင်္ကပ္ပ)။
၃။ မှန်ကန်သော ပြောဆိုမှု (သမ္မာဝါစာ)။
၄။ မှန်ကန်သော အလုပ် (သမ္မာကမ္မန္တ)။
၅။ မှန်ကန်သော အသက်မွေးမှု (သမ္မာအာဇီဝ)။
၆။ မှန်ကန်သော အားထုတ်မှု (သမ္မာဝါယမ)။
၇။ မှန်ကန်သော သတိ (သမ္မာသတိ)။
၈။ မှန်ကန်သော တည်ကြည်မှု (သမ္မာသမာဓိ)။

ဤရှစ်ရပ်သည် မဇ္ဈိမပဋိပဒါလမ်းစဉ်၏ အမှတ်လက္ခဏာ အင်္ဂါရပ်များ ဖြစ်ပေသည်။ ယင်းတို့ကား 'မဂ္ဂင်ရှစ်ပါး'ပင်တည်း။

"ဘုရားဖြစ်ခါ၊ မိဂဒါသို့ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လှာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည် တရားနတ်စည်ရွှမ်းတယ်ကို" ဟူ၍ လယ်တီဆရာတော်ကြီးက ဖွဲ့ဆိုခဲ့ပါသည်။

ဤသို့အားဖြင့် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓ၏အဆုံးအမဩဝါဒကို လိုက်နာကျင့်ကြံကြသည့် ကလျာဏအပေါင်း သူတော်ကောင်းတို့အတွက် နေ့ထူးနေ့မြတ်ဖြစ်ခဲ့သည်။ ဤနေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားကျောင်းကန်စသည့် ဘာသာရေးအဆောက်အအုံတို့ကို သွားရောက်ကာ သံသရာဝဲဩဃမှ လွတ်ကင်းရေးအတွက် ကောင်းမှုကုသိုလ်အစုစုကို ပြုလေ့ရှိကြသည်။ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်း၊ ရေချမ်းစသည့် ဒါတဗ္ဗဝတ္ထု အစုစုတို့ကို သံဃာတော်အရှင်သူမြတ်တို့အား လှူဒါန်းပူဇော်ကြသည်။

ဤရာသီတွင် မြတ်စွာဘုရားသခင်၏ တပည့်သား သံဃာတော်အပေါင်းတို့သည် ဝါဆို ဝါကပ်ခြင်းအမှုကို ပြုကြရသည်။

'ဣမသ္မိံ ဝိဟာရေ၊ ဣမံ တေမာသံ ဝဿံ ဥပေမိ' ဤကျောင်းတွင် ဝါတွင်းသုံးလပတ်လုံး ဝါကပ်ခြင်းအမှုကို ပြုပါသည်။ အခြားအရပ်တစ်ပါးသို့ ထွက်ကြွခြင်းမပြုပါဟု မြတ်ဘုရားထံ ဝန်ခံသမှု ကတိပြုထားကြသည်။

ဝါဆိုလပြည့် တနင်္လာနေ့ညဉ့်ပင် တောထွက်တော်မူသော အလောင်းတော်အား ယုတ်မာစိတ်ထား မာရ်နတ်သားက တောမထွက်ရန် ဟန့်တားကန့်ကွက်သည်ကို ပယ်လှန်အောင်နိုင်ခဲ့သည်။

သက်တော် (၄၁)နှစ်၊ ဝါတော် ခြောက်ဝါ ရရှိပြီးသော မြတ်စွာဘုရားသည် ဒိဋ္ဌိတို့ကို နှိမ်နင်းခြင်းငှာ ရေ၊ မီး အစုံစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူသည်။

ဝါဆိုလပြည့်နေ့ည တန်ခိုးပြာဋိဟာပြပြီးသည့်အဆုံး၌ တာဝတိံသာနတ်ပြည်သို့ကြွတော်မူ၍ အဘိဓမ္မာတရားကို ဟောကြားခြင်းငှာ သတ္တမဝါ ကပ်တော်မူသည်။

သို့ဖြစ်ရာ ဝါဆိုလသည် ဗုဒ္ဓဘာသာဝင်တို့အဖို့ ထူးခြားမြင့်မြတ်သော လထူးလမြတ် အခါသမယဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ဝါဆိုလပြည့်နေ့သည် "သန္ဓေတောထွက် ဓမ္မစက်၊ တချက်ပြာဋိဟာ" ဆိုသည့်အတိုင်း သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင် ပဋိသန္ဓေနေတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ တရားဦးဓမ္မစကြာကို ဟောကြားတော်မူခြင်း၊ ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာများကို ပြတော်မူခြင်းဟူသော ထူးခြားသည့် ဘာသာရေးမှတ်တိုင်ကြီးများကို စိုက်ထူခဲ့သောနေ့ဖြစ်။**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ချော်တွင်းကုန်း မရမ်းကုန်းမြို့နယ် ပါရမီလမ်း အမှတ် ၁၆နေ ဦးဌေးမြင့်-ဒေါ်အေးအေးသန်း၊ သမီး မဇင်မျိုးဦး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘောလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## သာယာဝတီမြို့၌ အရိပ်ရပင်များစိုက်ပျိုး

**သာယာဝတီ ဇူလိုင် ၁၅**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီ မြို့နယ်အပိုင်းရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) လမ်းဘေးဝဲယာတစ်လျှောက်တွင်အရိပ်ရပင်များစိုက်ပျိုးလျက်ရှိရာ ဇူလိုင်၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့်အရိပ်ရပင်များဖြစ်သည့် စိန်ပန်း၊ အော်ရေးရှား၊ မယ်ဇလီနှင့် စွယ်တော်ပင်များ စိုက်ပျိုးမှုကိုအမှုဆောင်အရာရှိဦးအောင်အောင်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင်ဦးတို့ ကြီးကြပ်၍ ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

**ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန် အိမ်ရာတိုက် ၃ အခန်း၁၁ နေ ဦးသန်းမောင်-ဒေါ်ရီမြင့်မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋက နှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် အဘိုး ဦးစိန်တိုး၊ အဘွား ဒေါ်ခင်ညွန့်၊ နှစ်ဖက်သောမိဘများ ဦးကျော်သိန်း-ဒေါ်မမကြီး၊ ဦးခင်စိန်-ဒေါ်မြစိန်နှင့် အစ်ကို ကိုသန်းအောင်တို့အားရည်စူး၍ မြေးကိုအေးကြူ-မဌေးဌေးစိန် မိသားစုက အလှူငွေကျပ်လေးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## အမျိုးသမီးရေးရာအကြောင်း ဟောပြော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာရှင်းလင်း ကဗျာနှင့် ပန်းချီပြိုင်ပွဲဆုရသူများ ဆုချီးမြှင့်

*နေပြည်တော်ပျဉ်းမနား ဇူလိုင် ၁၀*

*ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရတနာမွန်ခန်းမ၌ ကျင်းပသည်။*

*အခမ်းအနားမှူးအဖြစ် ဆရာမ ဒေါ်မေသက်က ဆောင်ရွက်ပြီး ရှေးဦးစွာ အင်အားသစ်များနှင့်အတူ တေးသီချင်းသံပြိုင်သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။*

*ထို့နောက် မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံနှင့် အမျိုးသမီးရေးရာ အကြောင်းကို ဒေါ်မေချိုက ဟောပြောပြီး အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဥပဒေများကို မြို့နယ်တရားသူကြီး ဒေါ်မိမိမော်ကရှင်းလင်း တင်ပြသည်။*

*ဆက်လက်၍အဖွဲ့ဝင်အဆိုပြုလွှာများကို ရွေးချီရပ်ကွက်မှ ဒေါ်ဥမ္မာခင်ကမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ဝင်းမြင့်ချိုထံ ပေးအပ်ပြီး အလှူရှင် နန်းစိန်မုန့်တိုက် ကိုယ် စား ဦးဖေသန်းဦးက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မာရီအားအလှူငွေများ ပေးအပ်သည်။*

*ဆုချီးမြှင့်*

*ထို့နောက်ထူးချွန်အမျိုးသမီးများနှင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲ ဆုရကျောင်းသူ၊ကျောင်းသားများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။* (ဝ၉၉)

## မီးဘေးကယ်ဆယ်ရေးပစ္စည်း ထောက်ပံ့ပေးအပ်

မင်းတပ် ဇူလိုင် ၁၄

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ်က ကူညီထောက်ပံ့ပေးသော မီးဘေးကယ်ဆယ်ရေးပစ္စည်း ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၇ရက် ညနေ ၃နာရီခွဲက မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းဦးက အမှာစကားပြောကြားပြီး မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က မီးဘေးကယ်ဆယ်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းတပ် မြို့နယ် အောက်ချိုင်ကျေးရွာအုပ်စု အထက်ချိုင်ကျေးရွာမှ မီးဘေးသင့် အိမ်ထောင်စု ၃၅ စုတို့အား ကယ်ဆယ်ရေးပစ္စည်းများကို ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းဦးကလည်းကောင်း၊ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးသန်းမြင့်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ချိုနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ပေးအပ်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## အရာတော်မြို့၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

**အရာတော် ဇူလိုင် ၁၀**

မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသောအားဖြင့် မုံရွာခရိုင် အရာတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ခမြင့်ကျေးရွာ တောင်သူ ဦးမဲပိုင် ယာမြေ၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဆရာဆရာမများ တက်ရောက်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ကြက်ဆူပင်များကိုစုပေါင်းစိုက်ပျိုးကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက သတ်မှတ်ထားသော မြေနေရာများတွင် ကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဇန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးအတွင်းရှိ ဝန်ထမ်း မိသားစုများ သွေးလွန်တုပ်ကွေးရောဂါကာကွယ် တားဆီးရေး အသိပညာပေး ဟောပြောဆောင်ရွက်မှုကို ဇွန်၂ရက်က စည်ပင်သာယာရေး ဝန်ထမ်းရိပ်သာတွင် ကျင်းပရာ အင်ဂျင်နီယာမှူး ဦးသိန်း၊ ကျန်းမာရေးမှူးနှင့် အဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဝန်ထမ်း မိသားစုဝင်များ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ပညာပေးပွဲ တက်ရောက်ကြစဉ်။** (မြို့နယ်စည်ပင်)

## ရှေးဦးသူနာပြု သင်တန်းဆင်းပွဲကျင်းပ

**ဟိုပင် ဇူလိုင် ၅**

ကချင်ပြည်နယ် ဟိုပင်မြို့နယ် ကြက်ခြေနီအသင်းနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ဟိုပင်မြို့ မြသီတာ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ စုပေါင်းဖွင့်လှစ်သည့် ရှေးဦးသူနာပြု သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန်၂၂ရက် နံနက်ပိုင်းက မြသီတာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးမရစ်ဖုန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုပင်မြို့ ကြက်ခြေနီတပ်ခွဲမှူး ဦးဇော်အေးက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ထူးချွန်ဆုရရှိသူများအား ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရှေ့လုပ်ငန်းစဉ်ဆွေးနွေး

တောင်ငူ ဇူလိုင် ၁၀

**တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၂၀၀၇ခုနှစ်၏ခြောက်လပတ်အစည်းအဝေးနှင့်ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို ဇွန်၂၉ရက် မွန်းလွဲပိုင်းက မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ယာယီရုံးခန်းမ၌ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း)(ကိုရေချမ်း၊တောင်ငူ)က အဖွင့်အမှာစကားပြောကြားသည်။** (အောက်ပုံ)

ဆက်လက်၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယကများဖြစ်ကြသော ဦးကျော်လှ (သတင်းထောက်)၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)ဟိန်းထက်ဇော်(ခပေါင်းမြေ)၊ ဦးအောင်လင်း(သတင်းထောက်)နှင့် အမှုဆောင် ဦးမြသိန်း (တောင်ငူ၊အောင်ထူး) တို့က အဖွဲ့၏ တိုးတက်ရာ တိုးတက်ကြောင်းများနှင့် ပတ်သက်ပြီး အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အဖွဲ့၏ ၂၀၀၇ခုနှစ် ခြောက်လပတ်အတွင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို အဖွဲ့အတွင်းရေးမှူးဦးကျော်မြင့်(မဟောသဓ)ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးယုလွင် (မောင်ကြေးစည်၊ တောင်ငူ)ကလည်းကောင်း ရှင်းလင်းအတည်ပြုကြပြီး ရှေ့လုပ်ငန်းစဉ်များနှင့် ၁၃၆၉ခုနှစ် စာဆိုတော်နေ့ကျင်းပရေးနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို အဖွဲ့ဝင်များက အကြံပြုညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **(၃၀၃)**

**ချင်းပြည်နယ် ဖလမ်းမြို့ ရေပေးရေး ပင်မလိုင်း လေးလက်မ သံပိုက်လိုင်း ပျက်စီးမှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟာရဲ၏ ကြီးကြပ်မှုဖြင့် ဇူလိုင် ၁၉ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ပြုပြင်ကြစဉ်။** (က-ပ)

# အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ အစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များတက်ရောက်

# ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပီရူးနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၈**

၂၀၀၇ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ကျရောက်သော ပီရူးသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ပီရူးသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျော်ဂျီဒယ်လ် ကတ်စ်တီလို ဂါလ်ဗက်ဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ

**ရန်ကုန် ဇူလိုင် ၂၇**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့တို့၏အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

***စာမျက်နှာ ၄ ကော်လံ ၁*** ✻

**နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့**

**နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဝင်းသန်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# အေးချမ်းတည်ငြိမ်မှုကိုလိုလားသော ပြည်သူလူထုကဝိုင်းဝန်းတားဆီးကာ သက်ဆိုင်ရာသို့အပ်နှံခဲ့သော ဆူပူမှုဖြစ်ပွားစေရန် ကြွေးကြော်ဆန္ဒပြခဲ့သူ ဖျက်သိမ်းပြီး MDC အဖွဲ့ဝင်တစ်ဦးနှင့် ဘာသာရေးကိုခုတုံးလုပ်ပြီး မတည်ငြိမ်မှုနှင့် ဆူပူလှုပ်ရှားမှုဖြစ်စေရန် သွေးထိုးလှုံ့ဆော်ခဲ့ကြသည့် NLD အဖွဲ့ဝင် လေးဦးတို့အား သက်ဆိုင်ရာမှ ပညာပေးပြုပြင်ပြီး ပြန်လည်စေလွှတ်

နေပြည်တော် ဇူလိုင် ၂၇

**အေးချမ်းတည်ငြိမ်မှုကိုလိုလားသော ပြည်သူလူထုက ဝိုင်းဝန်းတားဆီးကာ သက်ဆိုင်ရာသို့အပ်နှံခဲ့သော ဆူပူမှု ဖြစ်ပွားစေရန် ကြွေးကြော်ဆန္ဒပြခဲ့သူ ဖျက်သိမ်းပြီး MDC အဖွဲ့ဝင် တစ်ဦးနှင့် ဘာသာရေးကိုခုတုံးလုပ်ပြီး မတည်ငြိမ်မှုနှင့် ဆူပူလှုပ်ရှားမှုဖြစ်စေရန် သွေးထိုးလှုံ့ဆော်ခဲ့ကြသည့် NLD အဖွဲ့ဝင် လေးဦးတို့အား သက်ဆိုင်ရာမှ ပညာပေးပြုပြင်ပြီး ဇူလိုင် ၂၇ ရက်တွင် ပြန်လည်စေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။**

အဆိုပါ ပြန်လည်စေလွှတ်ခဲ့သူများမှာ ဖျက်သိမ်းပြီး MDC အဖွဲ့ခေါင်းဆောင် မြောက်ဥက္ကလာပ (င)ရပ်ကွက်နေ ထင်ကျော်(ခေါ်)ကျော်ထင်၊ ဒဂုံတောင်မြို့နယ် NLD အတွင်းရေးမှူး အေးနိုင်၊ လှိုင်သာယာမြို့နယ် NLD အတွင်းရေးမှူး သန့်ဇင်မျိုး၊ အင်းစိန် NLD လူငယ်တာဝန်ခံ စောကျော်ကျော်မင်းနှင့် အင်းစိန်မြို့နယ် NLD လူငယ်အဖွဲ့ဝင် အေးလွင်တို့ဖြစ်ကြောင်း သိရသည်။

**သက်ဆိုင်ရာသို့အပ်နှံ**

ဖြစ်ပွားခဲ့ပုံမှာ ဖျက်သိမ်းပြီး MDC အဖွဲ့ခေါင်းဆောင် ထင်ကျော်(ခေါ်)ကျော်ထင်သည် သဃ်န်းကျွန်းမြို့နယ် စံပြဈေးရှေ့တွင် ၂၀၀၇ ခုနှစ် ဧပြီ ၂၂ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က ဖျက်သိမ်းပြီး MDC အဖွဲ့ဝင် သိန်းအောင်မြင့်ပါ ခြောက်ဦးနှင့်အတူ အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေး၊ မတရားအခွန်ကောက်ခံမှု ပပျောက်ရေးစသည့် ပိုစတာများကိုင်ဆောင်ပြီး ဆူပူလှုပ်ရှားမှုဖြစ်ပွားစေရန် လှုံ့ဆော်ဖန်တီးခဲ့သဖြင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုကြသော သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းတားဆီး၍ သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။

***စာမျက်နှာ ၆ ကော်လံ ၁*** ●